# ခေတ်အမြင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၃၇)။

၂၀၁၀ ခုနှစ်၊ဩဂုတ်လ(၂၇)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## ကမ္ဘာ့အဆင့်မီကုန်စည်ဒိုင်များမြန်မာနိုင်ငံတွင်တည်ထောင်တော့မည်

ကမ္ဘာ့အဆင့်မီကုန်စည်ဒိုင်များကို မကြာမီတည်ထောင်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်ကထုတ်ဖော်ပြောကြားလိုက်သည်။ ထို့ပြင် လက်ရှိကုန်စည်ဒိုင်များကို အဆင့်မြှင့်တင်နိုင်ရန်ဆောင်ရွက်မည်ဖြစ်ကာယင်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ကြောင်း ဆိုသည်။ ယင်းနှင့်ပတ်သက်၍ ဩဂုတ်၇ရက်တွင် UMFCCI၌ ပြုလုပ်ခဲ့သောပဲပြောင်းနမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုတိုးတက်ဖွံ့ဖြိုးရေးအလုပ်ရုံ ဆွေးနွေးပွဲတွင်ယင်းကထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ "အခုဆိုရင် ရန်ကုန်က ဘုရင့်နောင်ကုန်စည်ဒိုင်ရယ်၊ မန္တလေးကုန်စည်ဒိုင်တွေဟာ နိုင်ငံခြားရောင်းဝယ်နိုင်တဲ့အခြေအနေ ရောက်နေပါပြီ" ဟု ယင်းကပြောကြားသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကုန်စည်ဒိုင် ၂၉ခုရှိပြီးဖြစ်ကာ မကြာမီကာလအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့များတွင်ကုန်စည်ဒိုင် ၂၈ခုကိုတည်ထောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထွန်းကဇူလိုင်၁၁ရက်တွင်ဟသ်ာတမြို့၌ ပြုလုပ်ခဲ့သော ဟသ်ာတဆန်စပါးရောင်းဝယ်ရေးလီမိတက်၏ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားတွင်အသိပေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့လေကြောင်း၏ ပြည်တွင်းခရီးစဉ်များ နေပြည်တော်လေဆိပ်မှ ဖြန့်ကြက်ပြေးဆွဲမည်

မြန်မာ့လေကြောင်းလိုင်းမှပျံသန်းပြေးဆွဲနေသောပြည်တွင်းခရီးစဉ်များကိုယခုလဆန်းမှစတင်ပြီး နေပြည်တော်လေဆိပ်မှအခြေပြု၍ ဖြန့်ကြက်ပြေးဆွဲရန်မြန်မာ့လေကြောင်းမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။ "နေပြည်တော်က မြန်မာနိုင်ငံရဲ့ မြို့တော်လည်းဖြစ်သလို ဝန်ကြီးဌာန အားလုံးလည်းအခြေစိုက်နေတဲ့မြို့ဖြစ်ပါတယ်။ အရင်တုန်းက လေကြောင်းလိုင်း ပြေးဆွဲတဲ့အခါ ရန်ကုန်မြို့ကို အခြေပြုပြီး ပြေးဆွဲကြပါတယ်။ အခုဆို စစ်တွေသွားချင်ရင် နေပြည်တော်ကနေရန်ကုန်သွား၊ အဲဒီကမှတစ်ဆင့် စစ်တွေကို လေယာဉ်စီးသွားရမယ့် အခြေအနေပါ။ " ဒီစနစ်က ရေရှည်အတွက် မကောင်းပါဘူး။ နောက် နေပြည်တော်က မြို့တော်ဖြစ်နေတဲ့အတွက်အဲဒီကနေလည်း ခရီးစဉ်တွေ ဖြန့်ကြက်ပြေးဆွဲဖို့ မြန်မာ့လေကြောင်းလိုင်းက အခုစလုပ်နေပြီ ဖြစ်ပါတယ်"ဟုအဆိုပါတာဝန်ရှိသူက ပြောသည်။ မြန်မာ့လေကြောင်းသည် နေပြည်တော်မှမန္တလေး၊ ကလေး၊ ကျိုင်းတုံနှင့် မြိတ်မြို့များသို့ တိုက်ရိုက်ပြေးဆွဲမည်ဟု နေပြည်တော်တွင် လက်ရှိကြေညာထားပြီးဖြစ်ကြောင်း သိရှိရသည်။ ယခုကဲ့သို့ နေပြည်တော် မှ ပြည်တွင်း ခရီးစဉ်များ ဖန့်ကြက်ပြေးဆွဲရန် စတင်ဆောင်ရွက်နေသော်လည်း ယခင်ရန်ကုန်မှ ပြေးဆွဲပေးနေသော ပြည်တွင်းခရီးစဉ် ၂၆ကိုလည်း ယခင်အတိုင်း ပြောင်းလဲမှုမရှိ ပြေးဆွဲပေးမည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရက်ပစ်ရှယ်ကို ပွိုင့်စနစ်နဲ့ ဝယ်နိုင်ပြီ

အိုင်တီသမားတွေအသုံးအများဆုံးဖြစ်ပြီး ဖိုင်တွေဝေမျှပေးနိုင်တဲ့ ရက်ပစ်ရှယ်( Rapidshare ) ကိုပွိုင့်စနစ်နဲ့ ဝယ်ယူနိုင်ပြီလို့သိရတယ်။ 'ပြည်တွင်းမှာ ရက်ပစ်ရှယ်သုံးတဲ့သူတွေများလာလို့ ဈေးသက်သက်နဲ့ ဝယ်နိုင်အောင်ပွိုင့်စနစ်နဲ့ ရောင်းချပေးတာပါ'လို့ အွန်လိုင်းစီးပွားရေးလုပ်ငန်းစုမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ရက်ပစ်ရှယ်ဆိုက်က အွန်လိုင်းပေါ်မှာ ဖိုင်တွေဝေမျှနိုင်ပြီး ဖိုင်တွေ ထိန်းသိမ်းထားနိုင်တာကြောင့် လုပ်ငန်းအများစုအတွက် အသုံးတည့်တဲ့ ဆိုက်တစ်ဆိုက်ဖြစ်တယ်လို့သိရတယ်။ အွန်လိုင်းပေါ်မှာ ဖိုင်တွေဝေမျှတဲ့အခါမှာ

## ငါးသိန်းတန် CDMA 450MHz ဖုန်းများငွေဖြည့်ကတ်ဖြင့်စက်တင်ဘာ ၁ရက်နေ့ ငွေမသွင်းလျှင်လိုင်းပိတ်မည်

နေပြည်တော်တွင် ဌားရမ်းအသုံးပြုခွင့်ပေးသည့် ကျပ်ငါးသိန်းတန် CDMA 450MHz ဖုန်းများကို လစဉ်ဖုန်းဘေလ်ဆောင်သောစနစ်မှ ငွေဖြည့်ကတ်ဖြင့် ငွေကြိုသွင်းအသုံးပြုရသော စနစ်သို့ စက်တင်ဘာလ ၁ရက်နေ့မှ စတင်ပြောင်းလဲအသုံးပြုမည်ဖြစ်ပြီး ငွေမသွင်းလျှင်လိုင်းပိတ်မည်ဖြစ်ကြောင်း အဆိုပါ ငါးသိန်းတန် CDMAဖုန်းများကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော E-Lite Tech ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ နေပြည်တော်တွင် အသုံးပြုလျက်ရှိသော ကျပ်ငါးသိန်းတန် CDMA 450MHz ဖုန်းများအားလုံးကို ငွေဖြည့်ကတ်ဖြင့် ငွေကြိုသွင်းအသုံးပြုရသောစနစ်(Prepaid Card)သို့ ပြောင်းလဲခြင်းဖြစ်ပြီး ကျပ်၁၅သိန်းတန် CDMAဖုန်းများမပါဝင်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။ နေပြည်တော်ရှိငါးသိန်းတန် CDMA 450MHz ဖုန်းကိုင်ဆောင်သူအနေဖြင့်စက်တင်ဘာလ၁ရက်နေ့မတိုင်ခင် ငွေဖြည့်ကတ်ကိုကြိုတင်ဝယ်ယူထားရမည်ဖြစ်ပြီး စက်တင်ဘာလ ၁ရက်နေ့တွင် ငွေဖြည့်သွင်းကတ်မှ ကုတ်နံပါတ်များကိုရိုက်နှိပ်ပြီး ငွေသွင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ ငွေမသွင်းလျှင် ဖုန်းလိုင်းပိတ်သွားမည်ဖြစ်ကြောင်း E-Lite Tech ကုမ္ပဏီထံမှ သိရှိရသည်။ "စက်တင်ဘာလ ၁ရက်နေ့မှာ မဖြစ်မနေကိုငွေသွင်းရမှာပါ။ ငွေမသွင်းရင်လိုင်းပိတ်သွားမယ်" ဟုအဆိုပါတာဝန်ရှိသူကရှင်းလင်းပြောကြားသည်။ယခင်လစဉ်ဖုန်းဘေလ်ဆောင်သော စနစ်ဖြင့် ဩဂုတ်လကုန်အထိ အသုံးပြုထားသော ကျသင့်ငွေများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တောင်းခံသွားမည်ဟု သက်ဆိုင်ရာထံမှ စုံစမ်းသိရှိရသည်။ "ငွေဖြည့်ကတ်နဲ့ ငွေသွင်းတဲ့စနစ်မပြောင်းခင်အထိ သုံးခဲ့တဲ့ကြွေးကျန်တွေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာသုံးစွဲသူတွေကျသင့်သလောက်ပေးချေရမှာပါ" ဟု သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးကဆိုသည်။ စက်တင်ဘာလ ၁ရက်နေ့မတိုင်မီ ငွေဖြည့်သွင်းကတ်များရောင်းချမည့် E-Lite Techကုမ္ပဏီဆိုင်ခွဲများကိုဖွင့်လှစ်ပေးမည်ဖြစ်ပြီးသပြေကုန်း ဈေးတွင်လည်းကောင်း၊ ဇေယျာသီရိကုန်ပဒေသာကုန်တိုက်တွင် လည်းကောင်း၊ ရာဇဌာနီလမ်းဘောဂသီရိကားဝင်းအနီးတွင်လည်းကောင်း ၊နေပြည်တော်ဟိုတယ်ဇုန်အနီးရှိ Junction နေပြည်တော်တွင်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့မြို့မဈေးရှိ Asia Light တွင်လည်းကောင်း၊ မြို့မဈေးSunday Mart တွင်လည်းကောင်းစုစုပေါင်း ခြောက်နေရာတွင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း E-Lite Tech ကုမ္ပဏီထံမှ စုံစမ်းသိရှိရကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၃ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နှစ်ပေါင်း ၂၀ကျော်အတွင်း တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ခရိုင်နှင့်မြို့နယ်များ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးတွင် ခရိုင် ၆၆ ခရိုင်နှင့် မြို့နယ် ၃၃၀ ထိရှိလာ

၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် အထိ နှစ်ပေါင်း ၂၀ ကျော်ကာလ အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ် အသီးသီးတွင်တိုးတက်လာသည့် လူဦးရေ၊လမ်းပန်းဆက်သွယ်မှု အနေအထားနှင့် မြို့တည်ရှိရာ နေရာအခင်းအကျင်းကို မူတည်၍ မြို့နယ်စုများ၊ မြို့များကို တိုင်းခွဲ၊ ခရိုင်နှင့် မြို့နယ်များအဖြစ်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရာ၂၀၁၀ ပြည့်နှစ်တွင်မြန်မာတစ်နိုင်ငံလုံး၌ တိုင်းနှင့်ပြည်နယ် ၁၄ ခုအပြင် တိုင်းခွဲ ၁ ခု၊ ခရိုင် ၆၆ ခုနှင့် မြို့နယ်ပေါင်း ၃၃၀ အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ မြို့နယ်စုများ မြို့နယ်များကို တိုင်းခွဲအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်များအဆင့်သို့ ပြင်ဆင်သတ်မှတ် ဖွဲ့စည်းပေးခဲ့ရာ နိုင်ငံတော်ကောင်စီအစိုးရတာဝန်ယူခဲ့စဉ် ၁၉၇၄ ခုနှစ်မှ၁၉၈၈ ခုနှစ်အထိကာလတွင်မြန်မာတစ်နိုင်ငံလုံး၌ တိုင်းနှင့်ပြည်နယ် ၁၄ ခုနှင့် မြို့နယ် ၃၁၄ မြို့နယ် ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ မြန်မာ တစ်နိုင်ငံလုံးတွင် နှစ်ပေါင်း ၂၀ ကျော်အတွင်း၌ တိုင်းခွဲ၊ခရိုင်နှင့်မြို့နယ်အရေအတွက်များ တိုးလာသည့်နည်းတူ လူဦးရေမှာလည်း နှစ်စဉ် ၂ ဒသမ ဝ၂ ရာခိုင်နှုန်းဖြင့် တိုးတက်နေသည်ဟု သိရသည်။ ၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံး လူဦးရေ သည် ၃၉ ဒသမ ၃ သန်းရှိခဲ့ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အထိ ကောက်ယူထားသော စာရင်းများအရ တစ်နိုင်ငံလုံး လူဦးရေမှာ ၅၉ သန်းကျော် ရှိလာကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်းကို ပြည်တွင်းခရီးသွားကုမ္ပဏီတစ်ခုက ကန်ဒေါ်လာ ၅၀၀၀၀ အကုန်အကျခံကာ ပြည်ပသတင်းစာတွင် ဖော်ပြခဲ့

ပြည်တွင်းရှိ Travel & Tour ကုမ္ပဏီတစ်ခုမှ မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်းကို ဂျပန်ရှိ နာမည်ကြီးသတင်းစာတစ်ခုဖြစ်သည့်တိုကျိုရှင်းဘွန်းသတင်းစာတွင်ကန်ဒေါ်လာ ၅၀၀၀၀ အကုန်အကျခံကာ ဖော်ပြခဲ့ကြောင်း သိရသည်။ ပြည်တွင်းရှိ Bravo Travel & Tour ကုမ္ပဏီမှ မြန်မာ့ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများ ၊ နေရာဒေသများ၊ ခရီးစဉ်များ စသည်တို့ကို ဩဂုတ်ပထမပတ်က တိုကျိုရှင်းဘွန်းသတင်းစာ (နံနက်ပိုင်း) အချိန်က ဖော်ပြခဲ့ကြောင်း သိရသည်။ " စာမျက်နှာတစ်ဝက်နီးပါး ဖော်ပြခဲ့ပါတယ်။ ဘာဖြစ်လို့ အခုလို မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်း ဖော်ပြရတာလဲဆိုတာတော့နိုင်ငံတကာကလူတွေ မြန်မာ့ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေကိုသိစေချင်လို့ပါ။ တိုကျိုရှင်းဘွန်း သတင်းစာက ဂျပန်နိုင်ငံမှာ နာမည်ကြီးတဲ့ သတင်းစာတစ်စောင်၊ လူကြိုက်များတဲ့ သတင်းစာတစ်စောင်ဖြစ်ပါတယ်။ နံနက်ပိုင်းနဲ့ ညနေပိုင်းဆိုပြီးနှစ်ပိုင်းခွဲထုတ်ဝေတယ်။အခုဆို တခြားနိုင်ငံက သတင်းစာမှာ မြန်မာ့ခရီးသွားအကြောင်း ဖော်ပြခွင့်ရလို့ အရမ်းကျေနပ်မိတယ် " ဟု Bravo Travel & Tour ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုကဲ့သို့ နိုင်ငံခြားသတင်းစာများတွင် မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်း ဖော်ပြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်းစုပေါင်းရုံးမှ ဌာနအချို့ ပြည်လမ်းမပေါ်ရှိ ယခင်လွှတ်တော်အဆောက်အအုံသို့ ပြောင်းရွှေ့မည်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ဘဏ်လမ်းရှိ ရန်ကုန်တိုင်းစုပေါင်းရုံးတွင်ရုံးထိုင်လျက်ရှိသောဌာနအချို့မှာဒဂုံမြို့နယ် ပြည်လမ်းမပေါ်ရှိရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး (ယခင်လွှတ်တော်အဆောက်အအုံ)သို့ ပြောင်းရွှေ့ရုံးထိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ပြောင်းရွှေ့ရုံးထိုင်မည့် စုပေါင်းရုံးမှ ဌာနများမှာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာနတို့ဖြစ်ပြီး ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနလည်းပါဝင်ကြောင်း သိရှိရသည်။ စုပေါင်းရုံးတွင် ရုံးထိုင်ခဲ့သော ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲရုံးလည်း လိုက်ပါပြောင်းရွှေ့ရုံးထိုင်မည့်ရက်ကိုမူ အတိအကျမသိရှိသေးကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးတွင်မူ အဆိုပါဌာနများ ပြောင်းရွှေ့ရန်အတွက် ရှင်းလင်းမှုလုပ်ငန်းများပြုလုပ်လျက်ရှိသည်ဟုသိရသည်။ ယင်းဌာနများ လွှတ်တော်ရုံးသို့ပြောင်းရွှေ့ရုံးထိုင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းစုပေါင်းရုံးတွင် ရန်ကုန်တိုင်း တရားလွှတ်တော်နှင့် တိုင်းဥပဒေရုံးနှစ်ခုသာ ရုံးထိုင်ကျန် ရှိမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆယ်လူလာဖုန်းများကို CDMA-450 ဖုန်းများဖြင့် အစားထိုးလဲလှယ်ပေးရန်စီစဉ်

မြန်မာနိုင်ငံ၌ ဆယ်လူလာဖုန်းများ စတင်အသုံးပြုခွင့်ပေးခဲ့သည့် ၁၉၉၃ခုနှစ်ဝန်းကျင် ကာလ၌ အမေရိကန်ဒေါ်လာ ၄၀၀၀၀ဝန်းကျင်အထိ ဈေးရှိခဲ့သည့် ဆယ်လူလာဖုန်းများကို CDMA450 (ကမ်းရိုးတန်း) ဖုန်းများဖြင့် ပြန်လည်လဲလှယ်ပေးရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ သိရှိရသည်။ မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းစနစ် စတင်သည့်အနေဖြင့် ဆယ်လူလာဖုန်း (09 99.......)များကို ၁၉၉၃ ခုနှစ် ဝန်းကျင်၌ စတင်ချထားပေးခဲ့ခြင်းဖြစ်ပြီး ယခုအချိန်၌ မြန်မာနိုင်ငံတွင် ဆယ်လူလာဖုန်းအလုံးရေ ၃၈၀၀၀ ဝန်းကျင်ကို သုံးစွဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ မိုဘိုင်းစနစ်ကို စတင်သည့်အချိန်တွင် ဆယ်လူလာမိုဘိုင်း ဖုန်းများကိုလူကြိုက်များမှုကြောင့်အဆိုပါဖုန်းများ၏ ပေါက်ဈေးမှာ ဒေါ်လာ ၄၀၀၀ (ငွေကျပ်သိန်း ၄၀ ကျော်)အထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဆယ်လူလာဖုန်းများကို CDMA450 (ကမ်းရိုးတန်းဖုန်း)များဖြင့် အစားထိုးလဲလှယ်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စီစဉ်လျက်ရှိကြောင်း၊ ယခုအချိန်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ပြောင်းလဲရန် ခွင့်ပြုချက်ပါရှိသည့်ဆယ်လူလာဖုန်းအချို့ကို စတင် ပြောင်းလဲပေးပြီး ဖြစ်ကြောင်း၊ နောက်ပိုင်းတွင်ကျန်ရှိနေသည့် ဆယ်လူလာဖုန်းများကိုပါ ကမ်းရိုးတန်းဖုန်းများဖြင့် အစားထိုးလဲလှယ်ပေးဖွယ်ရှိကြောင်း ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ယခု စတင်လဲလှယ်ပေးသည့် ဆယ်လူလာဖုန်းများမှာ ဝန်ကြီးဌာန ခွင့်ပြုမိန့်ဖြင့် လာရောက်လဲလှယ်သည့် သုံးစွဲသူများကိုသာ လဲလှယ်ပေးနေခြင်းဖြစ်ပြီး နောက်ပိုင်းတွင်ကျန်ရှိသည့် ဆယ်လူလာ ဖုန်းများအားလုံး ကို CDMA450 ဖုန်းများဖြင့် လဲလှယ်ပေးဖွယ်ရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကိုရီးယားနှင့် မြန်မာ နှစ်နိုင်ငံဘဏ်များအကြား ပို့ကုန်ငွေလွှဲရာတွင် ယူရိုငွေကြေးဖြင့်သာ စာရင်းဖွင့်နိုင်တော့မည်

ကိုရီးယားနှင့် မြန်မာနှစ်နိုင်ငံဘဏ်များအကြား ပို့ကုန်ငွေလွှဲစာတမ်းဖွင့်ရာတွင် လာမည့်အောက်တိုဘာလမှစ၍ ယူရိုငွေကြေးဖြင့်သာ စာရင်းဖွင့်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံရှိ နိုင်ငံခြားငွေလဲလှယ်ရေးဘဏ် KEB နှင့် မြန်မာနိုင်ငံရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်MICB ဘဏ်တို့အကြား ငွေလွှဲပြောင်းရာတွင် အမေရိကန်ဒေါ်လာစာရင်းဖွင့်ခြင်းကို ဩဂုတ်လ ဒုတိယပတ်အတွင်းက လာမည့်စက်တင်ဘာလကုန်၌ အမေရိကန်ဒေါ်လာစာရင်းကို ပိတ်သိမ်းရန် တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားငွေလဲလှယ်ရေးဘဏ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင်ကိုရီးယားနိုင်ငံရှိအမေရိကန်ဒေါ်လာစာရင်းအား ပိတ်သိမ်းပြီး ယူရိုစာရင်းများကိုသာ ထားရှိမည်ဖြစ်သောကြောင့် စက်တင်ဘာလကုန်မှစ၍ ငွေပြန်လည်ရရှိမှုများမှာ ယူရိုငွေကြေးဖြင့်သာ ရရှိတော့မည်ဖြစ်သည်။ "ပြီးခဲ့တဲ့လထဲက အခုစက်တင်ဘာကုန်ရင် ဒေါ်လာကို ယူရိုငွေကြေးနဲ့ ချိန်းမယ်လို့ကြားတယ်။ အဲဒါကြောင့် လုပ်ငန်းအနည်းနဲ့အများတော့ ထိခိုက်ကြတယ်။ အရင်တုန်းက ဒေါ်လာကို ယူရိုငွေနဲ့ ပြောင်းတော့ လုပ်ငန်းရှင်တွေက ပျမ်းမျှသုံးရာခိုင်နှုန်းလောက်ထိ အထိနာသွားတယ်။ ဒါပေမဲ့လဲ ယူရိုနဲ့ဆိုတော့ယူရိုငွေနဲ့ပဲ လုပ်ကြရတာပေါ့ " ဟုကိုရီးယားသို့ သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ယင်းအပြင် ကိုရီးယားနိုင်ငံမှ ထပ်မံဖွင့်လှစ်ရန်ရှိသည့် ပို့ကုန်ငွေလွှဲများအတွက် ယူရိုငွေကြေးဖြင့်သာ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ နှင့် ကုန်ဝယ်သူများ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အသိပေးထားကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာစာရေးဆရာများ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် ဂျူးစာမျက်နှာက ပရိသတ်အများဆုံးဖြစ်

လူသုံးအများဆုံး လူမှုရေးကွန်ရက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်ခ် (Facebook) တွင် လွှင့်တင်ထားသော မြန်မာစာရေးဆရာများ၏ Fan Pageများအနက်စာရေးဆရာမဂျူး၏ Fan Page သည် အဖွဲ့ဝင် ၆၆၈၄ ဦးဖြင့် ပရိသတ်အများဆုံး ဖြစ်နေကြောင်း သိရသည်။ Ju- ဂျူးအမည်ဖြင့် ဖွင့်လှစ်ထားသည့် အဆိုပါစာမျက်နှာသည် ၎င်းနှင့် ပရိသတ်များတွေ့ဆုံရန်အတွက် မဟုတ်ဘဲ ၎င်း၏ အနုပညာလက်ရာများကို ပရိသတ်များအကြားမျှဝေနိုင်ရန် ရည်ရွယ်လွှင့်တင်ထားခြင်းဖြစ်ကြောင်း အဆိုပါစာမျက်နှာကို တာဝန်ယူလွှင့်တင်ထားသည့် Administrator တစ်ဦးက ပြောကြားသည်။ "Page မှာ ဂျူးရဲ့ ကိုယ်ရေးကိုယ်တာတွေထက် သူရဲ့စာတွေကိုပဲ ဆွေးနွေးဖြစ်တယ်။ တစ်နေ့ကဆိုချစ်ခြင်းအနုပညာဝတ္ထုတိုထဲက စာသားလေးတင်လိုက်တုန်းက ၂ရက်အတွင်း Comment ၅၀၀လောက် စံချိန်တင်တက်သွားတယ် " ဟု အဆိုပါ Admin ကပြောသည်။ မြန်မာစာရေးဆရာများ၏ ဖေ့စ်ဘုတ်ခ် Fan Page များတွင် ဗဟုသုတမျှဝေနိုင်ရေးအတွက် လွှင့်တင်ပေးထားသော Community Page အနေဖြင့် ပြုလုပ်ထားရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ်Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကျပ် ၁၆၀၀၀ထည့်သွင်းထားရုံဖြင့် နိုင်ငံ ၄၀ခန့်မှ ဖုန်းများကိုအင်တာနက်မှ တစ်လလုံး အကန့်အသတ်မရှိ ပြောဆိုနိုင်

ငွေကျပ် ၁၆၀၀၀ထည့်သွင်းထားရုံဖြင့်ကမ္ဘာ့နိုင်ငံပေါင်း၄၀ခန့်ရှိဖုန်းအားလုံး( မိုဘိုင်းဖုန်း၊ လိုင်းဖုန်း)ကိုအင်တာနက်မှတစ်လလုံးအချိန်ကန့်သတ်ချက်မရှိဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ ဆောင်ရွက်၍ အင်တာနက်ရှိ Skype ဝက်ဆိုက်တွင် Account တစ်ခုကို ရယူရမည်ဖြစ်ပြီး Account ရရှိပါက ပိုက်ဆံထည့်သွင်းပြီး အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ "မိမိရဲ့ Skype Account ထဲကို ငွေကျပ် ၁၆၀၀၀ထည့်ပြီးသွားရင်မိမိပိုက်ဆံစထည့်တဲ့နေ့ကစပြီးတစ်လလုံးအချိန်အကန့်အသတ်မရှိ ပြောဆိုနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ခန့်၊ မိုဘိုင်းဖုန်း၊ လိုင်းဖုန်းအားလုံးကိုခေါ်လို့ရပါတယ်" ဟု အဆိုပါ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသည့် Telesky Online Services မှ တာဝန်ရှိ သူတစ်ဦးက ပြောသည်။ Skypeကိုအသုံးပြု၍ခေါ်ဆိုနိုင်သော နိုင်ငံများမှာ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ချီလီ၊ ခရိုအေးရှား၊ ချက်၊ ဒိန်းမတ်၊ အက်စတိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ဂရိ၊ ဂျာမနီ၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီဂျပန်၊ ကိုရီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ ဟော်လန်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ ပေါ်တူဂီ၊ ရုရှား၊ ဆလိုဗက်ကီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တရုတ်(တိုင်ပေ) ၊ အင်္ဂလန်၊ ကနေဒါ၊ တရုတ်၊ ဟောင်ကောင်၊ ပါတိုရီကာ၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန် အစရှိသည်တို့ဖြစ်သည်။ "မြန်မာတွေအများဆုံးရှိတဲ့ အင်္ဂလန်၊ အမေရိကန်၊ စင်ကာပူ၊ ဩစတြေးလျတို့ဆိုရင် တစ်လလုံး (အနည်းဆုံး) ငါးနာရီပြောရုံနဲ့ တန်ပါတယ်" ဟုယင်းကပြောကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်းများတွင် ဖက်စ်သုံးစွဲနိုင်ပြီ

အော်တိုတယ်လီဖုန်းလိုင်းများတွင်သာ အသုံးပြုနိုင်ခဲ့သည့် ဖက်စ်ပေးပို့ခြင်းကို ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းများတွင် ယခုလ ၂၀ရက်မှစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ထိုဖုန်း RUM ကတ်များကို တာဝန်ယူချထားပေးသည့် အီလိုက်တက်ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ " ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းတွေမှာ ဖက်စ်အသုံးပြုချင်တယ်ဆိုရင် Initial Fees က ၆၀၀၀ ကျပ်၊ Annual Fees က ၆၀၀၀ ကျပ် ကျသင့်ပါတယ်။ လက်ရှိကတော့ အီလိုက်တက်ကုမ္ပဏီမှာ လျှောက်ထား နိုင်ပြီး နောက်ပိုင်းဆိုရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (အလုံ) ရုံးမှာ လျှောက်ထားရရှိနိုင်မှာဖြစ်ပါတယ် " ဟုၩင်းကဆိုသည်။အဆိုပါဖုန်းများတွင်ဖက်စ်တွဲဖက်သုံးစွဲနိုင်ရန်အတွက် လျှောက်ထားခြင်းကို ယခုလ ၂၀ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ' Lifestyle & Car Expo 2010 ' ပြပွဲတွင် စတင်လက်ခံခဲ့ခြင်းဖြစ်သည်။ အဆိုပါဖုန်းလိုင်းများတွင် ဖက်စ်အသုံးပြုနိုင်ရန်အတွက် ဖုန်း SIM Card ထည့်သွင်းအသုံးပြုရမည့် အထိုင်စက်တစ်လုံး လိုအပ်မည်ဖြစ်ပြီး ထိုအထိုင်စက်၏တန်ဖိုးမှာ ကျပ်နှစ်သိန်းဖြစ်သည်။ဖက်စ်ပေးပို့ခြင်းအတွက် ကြာမြင့်သည့် မိနစ်အလိုက် တစ်မိနစ်လျှင် ကျပ် ၅၀နှုန်းဖြင့် ကုန်ကျမည်ဖြစ်သည်။ အဆိုပါဖုန်းများကို ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်ချထားပေးခဲ့ခြင်းဖြစ်ပြီး လိုင်းအရေအတွက် ၁၂၀၀၀၀ ခန့် ချထားပေးပြီးဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အင်တာနက်မြန်နှုန်းမြင့်ရန်အတွက် ဒိုမိန်းလိပ်စာအသစ်များ ပြောင်းလဲသုံးစွဲမည်

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်က ၄င်းတို့၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လတ်တလောအသုံးပြုနေသည့် ယခင်ပုံဂံဆိုက်ဘာတခ် (Bagan Cyber Tech) မှ Domain Name Server (DNS) လိပ်စာများအစား လိပ်စာအသစ်များဖြင့် အစားထိုးအသုံးပြုသွားတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ " ဒီလ ၁၈ရက်နဲ့ ၂၁ရက်မှာ ဒိုမိန်းအမည်လိပ်စာတွေ ပြောင်းခဲ့တယ်။ အဓိကကတော့ အရင်ပုံဂံဆိုက်ဘာတက်မှာ ကတည်းက အသုံးပြုခဲ့တဲ့ စက်တွေကို အသစ်တွေနဲ့ အစားထိုးပြောင်းလဲအသုံးပြုလိုက်တဲ့ သဘောပါ။ ဒီလိုပြောင်းလဲလိုက်ပြီးနောက်ပိုင်းမှာ ပြည်တွင်းအင်တာနက်မြန်နှုန်းတွေ အရင်ထက် ပိုမြန်လာဖို့ရှိပါတယ် " ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယခုလက်ရှိ ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများမှာ အနည်းငယ်နှေးကွေးလျက်ရှိကြောင်း အင်တာနက်အသုံးပြုသူများထံမှ သတင်းရရှိသည်။ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်အနေဖြင့် ၄င်းတို့၏ DNS လိပ်စာများ ပြောင်းလဲမှုအား ရန်ကုန်မြို့တွင်း ပြုလုပ်ပြီးစီးသွားပါက မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင် ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်ခိုင်ဖြိုးပါတီ တစ်နိုင်ငံလုံးတွင်ရုံးပေါင်း ၄၀၀ ကျော်ဖွင့်လှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည်ယခုလ ၂၀ရက်နေ့က မြန်မာတစ်နိုင်ငံလုံးတွင် ရုံးခွဲပေါင်း ၄၀၀ကျော်ကိုတစ်ပြိုင်နက်တည်းဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရုံးများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်အဆင့် ၄၅ရုံး၊ ခရိုင်အဆင့်လေးခုနှင့် တိုင်းဒေသကြီးအဆင့် ရုံးတစ်ရုံးလည်းပါဝင်ကြောင်းသိရသည်။ ပါတီမဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ဩဂုတ်လကုန်တွင် စတင်မည်ဖြစ်ကြောင်းနှင့်လွှတ်တော်သုံးရပ် စလုံးတွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းပါတီ၏ အလုပ်အမှုဆောင်တစ်ဦးကပြောသည်။
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ရန်ကုန်တိုင်းဒေသကြီး အတွင်း လွှတ်တော်သုံးခုစလုံးတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ၄၅ဦးတိုင်းဒေသကြီး လွှတ်တော်အတွက် ၉၀ဦး၊ အမျိုးသားလွှတ်တော်အတွက် ၁၂ဦးအပါအဝင် ရခိုင်နှင့်ကရင်တိုင်းရင်းသားရေးရာ အမတ်နေရာအတွက် နှစ်ဦး ဝင်ရောက်အရွေးခံမည်ဟု ၎င်းကပြောကြားကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ၂၇ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဩဂုတ် ၂၆ရက်နေ့မှစက်တင်ဘာ ၁ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောင်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်) ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ဩစတြေးလျတွင် အထွေထွေရွေးကောက်ပွဲများ စတင်

ဩစတြေးလျနိုင်ငံတွင်အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများကို ယနေ့နံနက် ၈နာရီက စတင်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံ၏ ပထမဦးဆုံးသောအမျိုးသမီးဝန်ကြီးချုပ်ဖြစ်သူ ဂျူလီယာဂီးလတ်သည် ကွန်ဆာဗေးတစ်ညွန့်ပေါင်းအဖွဲ့မှ တိုနီအဘော့နှင့် သူမသာကိုယ်မသာ အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အတင်းကျပ်ဆုံး ရွေးကောက်ပွဲဖြစ်သည်။ ယခင်ဝန်ကြီးချုပ်ဟောင်း ကီဗင်ရတ်အား သတ္တုတွင်းလုပ်ငန်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ထောက်ခံမှုကျဆင်းပြီးလျှင် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ ၂လအကြာတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်သည်။ ဩစတြေးလျတွင်အရွယ်ရောက်သူတိုင်း မဲမပေးမနေရဥပဒေပြဋ္ဌာန်းထားသည်။ မဲပေးခွင့်ရှိသူများသည် ၁၄သန်းကျော်ဖြစ်သည်။ (ဘီဘီစီ)

## အီရန်၏ ပထမဦးဆုံးသော နျူကလီးယားဓာတ်ပေါင်းဖို စတင်လည်ပတ်

အီရန်နိုင်ငံ တောင်ပိုင်းရှိ ဘူရှီးယား နျူကလီးယားစွမ်းအင်စက်ရုံကို စနေနေ့က လောင်စာများ ဖြည့်သွင်း၍ စတင်လည်ပတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ရုရှားနိုင်ငံ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ စက်ရုံ၏လောင်စာကို ရုရှားနိုင်ငံက ထောက်ပံ့၍ အသုံးပြုပြီး စွန့်ပစ်နျူကလီးယားကို ၄င်းတို့ကပင် ပြန်လည်ယူဆောင်သွားမည်ဖြစ်သည်။ ၄င်းစွမ်းအင်စက်ရုံ တည်ဆောက်မှုသည် ခန့်မှန်းထားသည်ထက် ၃၅နှစ်မျှ နောက်ကျခဲ့သည်။ ၄င်းစက်ရုံ၏ မော်ဒယ်သည် အလွန်ခေတ်နောက်ကျသဖြင့် နိုင်ငံ၏ စွမ်းအင်ကွန်ယက်အတွင်းသို့ အနည်းအကျဉ်းသာ ပံ့ပိုးနိုင်ဖွယ်ရှိသည်ဟု ပါမောက္ခ အန်စာရီက ပြောကြားသည်။ အီရန်နိုင်ငံအား ကုလသမဂ္ဂမှစီးပွားရေးပိတ်ဆို့မှုများ လေးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း အီရန်နိုင်ငံက ကုလသမဂ္ဂအား အန်တု၍ ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ (ဘီဘီစီ)

## အီရန်နိုင်ငံ၏ ပထမဆုံး Drone ဗုံးကျဲလေယာဉ် ထုတ်ဖော်ပြသ

အီရန်နိုင်ငံ၏ ပထမဦးဆုံးသော လူလိုက်ပါခြင်းမရှိသည့် ပြည်တွင်းတွင် တည်ဆောက်သော Drone ခေါ် ဗုံးကျဲလေယာဉ်တစ်စီးကို ယမန်နေ့က ထုတ်ဖော်ပြသခဲ့သည်။ ၄င်းလေယာဉ်သည် ၂၅၀ပေါင် အလေးချိန်ရှိသော ဗုံးနှစ်လုံးကိုသယ်ဆောင်၍ မိုင် ၆၀၀အကွာအဝေးထိ သွားရောက်နိုင်သည်။ အီရန်နိုင်ငံမှ ထုတ်လုပ်သော စစ်ဘက်အမာထည်ပစ္စည်းများတွင် ယခုလေယာဉ်သည် နောက်ဆုံးတီထွင်ထားမှုဖြစ်သည်။ အဆိုပါဗုံးကျဲလေယာဉ်သည် လူသားအားလုံးအတွက် ကယ်တင်ရှင်ဖြစ်၍ လူသားအကျိုးစီးပွားကိုဆန့်ကျင်သူများအတွက် သေမင်းတမန်ဖြစ်သည်ဟု အီရန်သမ္မတက ဖွင့်ပွဲတွင် ပြောဆိုသွားသည်။ (ဘီဘီစီ)

## ဘေကျင်းအဝေးပြေးလမ်းမတွင် ယာဉ်ကြောပိတ်ဆို့မှု ၉ရက်မြောက်နေ့သို့ရောက်

တရုတ်နိုင်ငံ ဘေကျင်းမြို့နှင့် အတွင်းမွန်ဂိုးလီးယားဒေသ ဂျီနင်မြို့တို့ကို ဆက်သွယ်ထားသော အမြန်လမ်းမကြီး 110 တွင် လမ်းတလျှောက် ပေါက်ပြဲပျက်စီးမှုများအတွက် ပြင်ဆင်ထိန်းသိမ်းမှုများကို ဩဂုတ်လ ၁၄ရက်နေ့မှစ၍ ပြုလုပ်ခဲ့သည်။ ၎င်းတွင် ဘေကျင်းမြို့သို့ ဦးတည်သော ထောင်ပေါင်းများစွာသော ကုန်တင်ထရပ်ကားများသည် ဆန့်ကျင်ဘက်မှလာသော ကားများနှင့် ညပ်ပိတ်၍ ဖြေးဖြေးချင်းသာ ရွေ့လျားနိုင်ခဲ့ကြသည်။ ၉ရက်မျှကြာသော ယမန်နေ့ကမူ ယာဉ်တန်းကြီးသည် ကီလိုမီတာ ၁၀၀ခန့်မျှ ရှည်လျားနေပြီဖြစ်သည်။ ၎င်းအတောအတွင်း အချို့ယာဉ်များတိုက်မိ၍ စက်ပျက်သောကားများကြောင့် ယာဉ်ကြောပိတ်ဆို့မှုမှာ ပို၍ဆိုးဝါးနေခဲ့သည်။ ခရီးသွားလာရေးဆိုင်ရာ အရာရှိများသည်လည်း မည်သို့မျှ မတတ်နိုင်အောင် ရှိနေကြသည်။ ယင်းအခက်အခဲကို အခွင့်ကောင်းယူ၍ လမ်းဘေးစားသောက်ဆိုင်များ အလျှိုအလျှိုပေါ်ပေါက်လာပြီးလျှင် စားစရာများကို သုံးလေးဆခန့် ဈေးတင်ရောင်းချကြသည်။ လမ်းပြုပြင်ထိန်းသိမ်းမှုသည် စက်တင်ဘာ ၁၃ရက်တွင်မှ ပြီးစီးမည်ဖြစ်ရာ ယာဉ်ကြောပိတ်ဆို့မှုလည်း ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ (ဆင်ဟွာ)

## ဩစတြေးလျတွင် အစိုးရဖွဲ့နိုင်ရေး လေဘာပါတီကြိုးပမ်း

ဩစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲများကို စနေနေ့က ကျင်းပပြုလုပ်ခဲ့သည်။ အောက်လွှတ်တော် အမတ်နေရာ ၁၅၀ရှိသည့်အနက်လက်ရှိအာဏာရ လေဘာပါတီက အမတ်နေရာ ၇၀နှင့် ပြိုင်ဘက် ကွန်ဆာဗေးတစ်ပါတီက နေရာ ၇၀ အသီးသီး ရရှိခဲ့ကြသည်။ အစိုးရဖွဲ့ရန် လိုအပ်သော ၇၆နေရာမရရှိသဖြင့် ပါတီကြီးနှစ်ခုသည်အခြားပါတီငယ်များနှင့် ပုဂ္ဂလိကအမတ်များအား စည်းရုံး၍ အစိုးရဖွဲ့နိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်လျက်ရှိသည်။ နှစ်ပေါင်း ၇၀အတွင်းတွင် တစ်ကြိမ်တည်းဖြင့် မဲအပြတ်မရရှိခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။ ညှိနှိုင်းဆွေးနွေးမှုများ မအောင်မြင်ခဲ့လျှင် ရွေးကောက်ပွဲကို နောက်တစ်ကြိမ်ပြန်လည်ကျင်းပမည်ဖြစ်သည်။ (ဆင်ဟွာ)

## အမေရိကန်ကြက်ဥများတွင် ဆဲလ်မိုနဲလားမှိုတွေ့ရှိ

လွန်ခဲ့သောမေလမှစ၍ အမေရိကန်နိုင်ငံတွင် ဖြန့်ဖြူးရောင်းချသော ကြက်ဥများ၌ ဆဲလ်မိုနဲလား အမည်ရှိ မှိုတစ်မျိုး ကပ်ရောက်ပါဝင်နေသဖြင့် လူပေါင်း ၂၀၀၀ခန့် အဆိုပါမှိုကြောင့် နာမကျန်းဖြစ်ခဲ့ရသည်။ စုံစမ်းစစ်ဆေးမှုများအရ ၄င်းကြက်ဥများသည် အိုင်အိုဝါးပြည်နယ်ရှိ မွေးမြူရေးကုမ္ပဏီနှစ်ခုမှဖြစ်ကြောင်း တွေ့ရှိသဖြင့် ဖြန့်ဝေပြီးသော ကြက်ဥလုံးရေသန်း၅၀၀ကို ပြန်လည်ရုတ်သိမ်းစေခဲ့သည်။ကြက်ဥအတွင်းသို့အဆိုပါမှိုရောဂါမည်သို့ရောက်ရှိသည်ကိုမသိရှိရသေးကြောင်းဖြင့်အက်ဖ်ဒီအေညွှန်ကြားရေးမှူးကထုတ်ဖော်ပြောဆိုသည်။ အမေရိကန်နိုင်ငံတဝှမ်းတွင် ကုမ္ပဏီတံဆိပ်ပေါင်း တစ်ဒါဇင်ကျော်မျှဖြင့် ကြက်ဥများကို ဖြန့်ဝေလျက်ရှိသည်။ ကြက်ဥများကို မကျက်တကျက် ကြော်ချက်၍စားသုံးခြင်းမပြုရန်သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားသည်။ (ဘီဘီစီ)

## ထိုင်းနှင့် ကမ္ဘောဒီးယား သံတမန် ပြန်လည်ဆက်ဆံမည်

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း သက်ဆင်အား ကမ္ဘောဒီးယားနိုင်ငံ အစိုးရအဖွဲ့၏စီးပွားရေးအကြံပေးအဖြစ်ခန့်ထားခြင်းကိုမကျေနပ်သဖြင့်ထိုင်းအစိုးရသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ၄င်း၏သံအမတ်ကြီးကို ၂၀၀၉ခုနှစ်တွင် ပြန်လည်ခေါ်ယူခဲ့သည်။ ထိုနည်းတူ ကမ္ဘောဒီးယားနိုင်ငံကလည်း ၄င်း၏သံအမတ်ကို ပြန်လည်ခေါ်ယူခဲ့သည်။ ယခုအခါ မစ္စတာသက်ဆင်သည် အစိုးရ၏ အကြံပေးအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်သဖြင့် နှစ်နိုင်ငံ သံတမံဆက်ဆံရေးများ ပြန်လည်စတင်တော့မည်ဟု ထိုင်းဘက်မှ ပြောဆိုသည်။ ထိုင်းသံအမတ်ကြီးသည် မနက်ဖြန်တွင် ကမ္ဘောဒီးယားသို့ သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ အဆိုပါနှစ်နိုင်ငံသည်။ နယ်စပ်တွင်ရှိသောပရိယာဝိဟာဘုရားကျောင်းအားပိုင်ဆိုင်မှုနှင့်ပတ်သက်၍ လိပ်ခဲတင်းလင်းဖြစ်လျက်ရှိကြသည်။ (ဘီဘီစီ)

## မိုင်းအတွင်း ပိတ်မိနေသူများထံ အစားအသောက်နှင့်ရေ ပေးပို့

လွန်ခဲ့သော ဩဂုတ်လ ၄ရက်နေ့တွင် ချီလီနိုင်ငံ၌ သတ္တုတွင်းပြိုကျ၍ ပိတ်မိနေခဲ့သော အလုပ်သမား၃၃ဦးထံရေနှင့်အစားအသောက်များပေးပို့နိုင်ခဲ့ကြောင်းကယ်ဆယ်ရေး လုပ်သားများက ပြောဆိုကြသည်။ ၄င်းလုပ်သားများသည် အကာအကွယ်ကျင်းထဲတွင် အရံထားရှိသော ငါးသေတ္တာဗူးများ၊ နို့နှင့် ဘီစကွတ်မုန့်များကို ခြိုးခြံချွေတာစွာ စားသောက်၍ အသက်ရှင်နေခဲ့ကြသည်။ လူ ၁ဦး ၄ရနာရီတွင် ငါးသေတ္တာ နှစ်ဇွန်း၊ နို့တစ်ငုံနှင့် ဘီစကွတ်မုန့်တစ်ချပ်သာ စားသုံးကြရသည်။ ယခုအခါ လွန်ပေါက်မှတစ်ဆင့် အစားအစာနှင့် ရေကို ပလတ်စတစ်အိတ်များဖြင့် ထုပ်၍ တွင်းအောက်သို့ ပေးပို့နိုင်ခဲ့ပြီဖြစ်သည်။ ၄င်းတို့အား အပြင်သို့ကယ်ထုတ်ရန်လက်ရှိတွင်းတူးစက်များဖြင့် ဆောင်ရွက်ပါက အချိန်လေးလခန့်ကြာမြင့်မည်ဖြစ်သည်။ နိုင်ငံရပ်ခြားမှ အထူးပြုလုပ်ထားသော စက်ကိရိယာများဖြင့် တူးဖော်ဖောက်ထွင်း၍ ကယ်တင်ရလျှင် နှစ်လခန့်ကြာမြင့်နိုင်မည်ဖြစ်သည်။ မြေအောက်တွင် ပိတ်မိနေသူများနှင့် ဆက်သွယ်စကားပြောမှုများ ပြုလုပ်နိုင်ပြီဖြစ်သည်။ (ဘီဘီစီ)

## ဒုတိယသုံးလပတ်အတွင်း အမေရိကန်တွင် အလုပ်အကိုင် ၃.၃သန်းပေါ်ပေါက်

သမ္မတအိုဘားမား၏ စီးပွားရေး အားဖြည့်ပေးမှုအစီအစဉ်ကြောင့် ယခုနှစ် ဒုတိယသုံးလပတ်တွင် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃.၃သန်း ဖော်ထုတ်နိုင်ခဲ့သည်ဟု ကွန်ကရက်၏ ဘတ်ဂျက်ရုံးက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အားဖြည့် အစီအစဉ်ကြောင့် နိုင်ငံတော်၏ ဂျီဒီပီသည် ၁.၇ ရာခိုင်နှုန်းမှ ၄.၅ ရာခိုင်နှုန်းအတွင်း တိုးတက်ခဲ့သည်။ အမေရိကန်စီးပွားရေးသည် ဒုတိယသုံးလပတ်တွင် ၂.၄ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားရာမှ တိုးတက်မှုနှုန်းကို၁.၄ရာခိုင်နှုန်းသို့ပြန်လည်ပြင်ဆင်ရန်စီးပွားရေးပညာရှင်များက မျှော်မှန်းခဲ့ကြသည်။ နိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် ၉.၅ရာခိုင်နှုန်းတွင် ဆက်လက်တည်မြဲလျက်ရှိသည်။ (ဆင်ဟွာ)

# သတင်းအတို

## စက်မှုဇုန်များမှ လုပ်ငန်းရှင်များ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်ဘဏ်များတွင် ချေးငွေထုတ်ချေးနိုင်

ရန်ကုန်တိုင်းအတွင်းရှိစက်မှုဇုန်များမှ အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းရှင်များသည် ပုဂ္ဂလိကဘဏ်များနှင့်နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင်ဘဏ်ချေးငွေများထုတ်ချေးနိုင်ကြောင်းသတင်းရရှိသည်။ စက်မှုဇုန်များမှ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ ဘဏ်ချေးငွေရရှိရေးအတွက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများက သက်ဆိုင်ရာသို့ တင်ပြခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် လက်အောက်ရှိ ဘဏ်များကဘဏ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အထက်ပါဘဏ်များတွင် ဘဏ်ချေး ငွေထုတ်ချေးနိုင်ကြောင်း ပြန်ကြားခဲ့သည်ဟုသိရသည်။ စက်မှုဇုန် လုပ်ငန်းရှင်များသည် အဆိုပါ ဘဏ်များတွင် သက်ဆိုင်ရာဘဏ်များ၏ ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်ချေးငွေထုတ်ချေးခွင့်ရရှိရေးအတွက် တင်ပြလျှောက်ထားနိုင်ကြောင်းသိရပြီး ရန်ကုန်တိုင်းအတွင်းစက်မှုဇုန် ၂၉ဇုန်ရှိကြောင်း ၂၀၁၀ခုနှစ်ဩဂုတ်လ ၂၅ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာဖေ့စ်ဘုတ်ခ်စတော့မည်

ပြည်တွင်းက ဆိုရှယ်နက်ဝဲ့ခ်သုံးသူတွေအတွက် ရည်ရွယ်ထားတဲ့ မြန်မာဖေ့စ်ဘုတ်ခ် www.myanmarfacebook.com ကိုလာမယ့် စတင်ဘာလ ၁ရက်နေ့မှ စတင်လွှင်တင် မယ်လို့ သိရပါတယ်။ MMFB( မြန်မာဖေ့စ်ဘုတ်ခ်ဆိုက်) အနေနဲ့မြန်မာနိုင်ငံသားတွေအပန်းဖြေရေးနဲ့အတူ ပြည်ပက ဆိုရှယ်နက်ဝဲ့ခ်ကင်းဆိုက်တစ်ခုဖြစ်တဲ့ face book ဆိုက်ကိုပြည်တွင်းက MMFB နဲ့ အစားထိုးနိုင်ဖို့ရည်ရွယ်တယ်လို့ဆိုတယ်။ Facebook ဆိုက်ကိုယှဉ်ပြိုင်ကာ မဟုတ်ဘဲမြန်မာတွေအနေနဲ့ ကိုယ့်နိုင်ငံသားတွေပဲ သီးသန့်ရှိနေနိုင်မယ့် ဆိုက်တစ်ခုဖြစ်လာပြီး အသုံးပြုသူ အသင်းဝင်တွေ အနေနဲ့ MMFB ကိုလူမှုကွန်ရက်အတွက်သာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ ရိုးရာယဉ်ကျေးမှုနဲ့ အထွေထွေဗဟု သုတတွေရှာမှီး လမ်းညွှန်နိုင်မယ့်နေရာတစ်ခုဖြစ်အောင် လုပ်ဆောင်သွားဖို့ ရည်ရွယ်တယ်လို့သိရကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစက္ကူအဟောင်းများ လဲလှယ်နိုင်

ပြည်သူများလက်ဝယ်၌ လှည့်လည်သုံးစွဲနေသော ဟောင်းနွမ်းငွေစက္ကူများကို သတ်မှတ်ချက်များနှင့် ပြည့်စုံသော ငွေစက္ကူများဖြစ်ပါက ရန်ကုန်မြို့ အမှတ် (၁၉၈/၁၉၉) ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းဌာနခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲအသီးသီးတို့တွင် ၁၀ကျပ်တန်မှ ၂၀၀ ကျပ်တန်အထိကို တန်ဖိုးတူချင်း အဟောင်းနှင့်အသစ် လက်ခံလဲလှယ်ပေးခြင်းအား ဩဂုတ်လ ၃ရက်မှစတင်၍ လဲလှယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ ဈေးများဌာနတို့သို့လည်း တန်ဖိုးငယ် ငွေစက္ကူများကို အပတ်စဉ် တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၁ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## အရည်အသွေးအာမခံချက်မရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှတရားမဝင် တင်သွင်းမှုများကြောင့် အမှန်တကယ်သုံးစွဲလိုသူများ ထိခိုက်နစ်နာမှုများရှိ

မြန်မာနိုင်ငံသို့ အရည်အသွေးအာမခံချက်မရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာ ပြည်ပမှတရားမဝင်သော နည်းလမ်းဖြင့်တင်သွင်းနေမှုများကြောင့် တရားဝင်လိုင်စင်ရ အသိအမှတ်ပြု ဝယ်ယူတင်သွင်းနေသော ပြည်တွင်းကွန်ပျူတာ ကုမ္ပဏီများနှင့် အမှန်တကယ်သုံးစွဲလိုသူများ ထိခိုက်နစ်နာနေရကြောင်း ရန်ကုန်မြို့ကွန်ပျူတာဈေးကွက်မှ စုံစမ်းသိရှိရသည်။ " အထူးသဖြင့် မြဝတီနယ်စပ်နောက် မူဆယ်ဘက်ကနေ တင်သွင်းလာတာတွေရှိတယ်။ အဲဒါတွေဟာ တရုတ်ပြည်ကမှ တတိယအဆင့် အရည်အသွေးပဲရှိလို့ လုံးဝအရည်အသွေးမကောင်းဘူး။ အခြားဆိုင်တွေဟာ အဲဒီပစ္စည်းတွေကို ဈေးချိုချိုနဲ့ ရောင်းနေကြတယ်။ ဒါကြောင့် ကျွန်တော်တို့လို တရားဝင် အသိအမှတ်ပြုတင်သွင်းလာတာတွေဟာ အရည်အသွေးရှိတယ်။ ဒါပေမယ့် ဈေးကအနည်းငယ်ကွာနေတယ်။ ဈေးကြီးပေမယ့် ကြာရှည်ခံတော့ သုံးစွဲသူတွေအနေနဲ့ အဆင်ပြေနိုင်တယ်။ ဒါကိုအချို့မသိဘဲ ဈေးချိုတယ်ဆိုပြီး မှားယွင်းဝယ်ယူမှုတွေ ရှိနေတယ်။ ဒီလိုတရားမဝင် တင်သွင်းနေမှုတွေ ပပျောက်သွားဖို့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကလည်း တော်တော်လေးထိထိရောက်ရောက် ဆောင်ရွက်နေကြပါတယ် " ဟု မြန်မာ STAR-TECH Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၂ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကန်ထရိုက်တိုက် ၁၈ခန်းကျော်လျှင် ထရန်စဖော်မာတပ်ရမည်

ကန်ထရိုက်တိုက်တစ်တိုက်မှာ အခန်းအရေအတွက် ၁၈ခန်းကျော်တာနဲ့ ထရန်စဖော်မာတပ်ဆင်ရမယ်လို့ ဇူလိုင်လကုန်ပိုင်းကစပြီး သတ်မှတ်လိုက်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ အရင်က ကန်ထရိုက်တိုက်တစ်တိုက်မှာ အခန်းအရေအတွက် ၂၀ကျော်မှသာ ထရန်စဖော်မာ တပ်ဆင်ရ တာဖြစ်ပါတယ်။ "တိုက်စဆောက်တဲ့ အချိန်ယာယီမီတာလျှောက်ကတည်းက ထရန်စဖော်မာတပ်ဆင်ပါမယ်ဆိုတဲ့ ကတိဝန်ခံချက်ပေးရမယ်"လို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ထရန်စဖော်မာတည်ဆောက်မှု သတ်မှတ်ကြေးအနေနဲ့ အနည်းဆုံး (50 k VA)ကို ကျပ် ၁၈သိန်းဖြစ်ပြီး အများဆုံး (3000 k VA)ကို ကျပ် သိန်း ၃၀၀၀ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပါရမီတက္ကစီ စီးရေ ၆၀၀ အား ရန်ကုန်မြို့တွင်း ဂိတ် ၅ခု သတ်မှတ်ပြေးဆွဲသွားမည်

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ ပြေးဆွဲလျက်ရှိသော ပါရမီတက္ကစီအစီးရေ ၆၀၀အား ရန်ကုန်မြို့အတွင်း၌ ဂိတ် ၅ခု သတ်မှတ်ကာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့သည်။ " ပါရမီတက္ကစီကို ၂၀၀၆ ခုနှစ် ဖွန်လအတွင်းမှာ ကိုရီးယားနိုင်ငံ၊ ဟွန်ဒိုင်းအမျိုးအစားယာဉ် စီးရေ ၅၀နဲ့ စတင်ပြေးဆွဲခဲ့တာပါ။ အခုချိန်ထိ ပါရမီတက္ကစီ စီးရေ ၆၀၀ နီးပါးရှိသွားပါပြီ။ ဒီပါရမီတက္ကစီယာဉ်တွေကို ခရီးသည်တွေအလွယ်တကူ ငှားရမ်းစီးနင်းနိုင်ဖို့ ဂိတ်၅ခုထားပြီးတော့ ပြေးဆွဲသွားမယ်။ တာမွေ (ယဉ်ကျေးမှုပြတိုက်)မှာ အစီးရေ ၂၀၀ ထားမယ်။ ရွှေမန်းသူကားဝန်းမှာ စီးရေ ၁၀၀ ထားမယ်။ ဂန္ဓာမာကားဝန်းမှာ စီးရေ ၂၀၀၊ အောင်မင်္ဂလာကားဝန်းမှာ စီးရေ ၅၀၊ ကမ်းနားလမ်း ၆ထပ်ရုံးအနီးအနားမှာ စီးရေ ၅၀ ထားပါမယ်။ အဲဒီနေရာတွေမှာပဲ ညအိပ်အဖြစ်သတ်မှတ်သွားပါမယ် " ဟု တာဝန်ရှိသူတစ်ဦးက ဆိုကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အင်တာနက်ကတ်များ ဈေးနှုန်းထက်ဝက် တရားဝင်လျှော့ချ

ဖုန်းလိုင်းရှိရုံဖြင့် အင်တာနက်ကို Dial-up စနစ်ဖြင့် ချိန်ဆက်အသုံးပြုနိုင်မည့် Access Kit များကို ရတနာပုံတယ်လီပို့ကုမ္ပဏီက ယခုရက်သတ္တပတ်မှ စတင်ကာ တရားဝင်ဈေးနှုန်း ထက်ဝက် နီးပါး လျှော့ချသတ်မှတ်လိုက်သည်။ သုံးစွဲနိုင်သည့် အချိန်အလိုက် ၁၅နာရီ၊ ၃၀နာရီနှင့် ၆၀နာရီဟူ၍ သုံးမျိုးခွဲခြားသတ်မှတ်ရောင်းချသည့်အဆိုပါ Access Kit များကို ယခင်က ၈,၀၀၀ ကျပ်၊ ၁၅,၀၀၀ကျပ်နှင့် ၂၈,၀၀၀ ကျပ်များဖြင့် သတ်မှတ်ရောင်းချခဲ့သည်။ ယခုလျှော့ချသတ်မှတ်လိုက်သည့်ဈေးနှုန်းအသစ်အရ ၁၅နာရီကတ်မှာ ၄,၅၀၀ ကျပ်၊ နာရီ ၃၀ ကတ်မှာ ၉,၀၀၀ကျပ်သာ ကျသင့်မည်ဖြစ်ပြီး နာရီ ၆၀ကတ်မှာ ၁၇,၀၀၀ဖြစ်ကြောင်း ထို့ပြင် နာရီ ၉၀ ကတ်ကိုပါ အသစ်ထုတ်လုပ်လိုက်ပြီး ဈေးနှုန်း ၂၅,၀၀၀ကျပ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း အဆိုပါကတ်များကို ကိုယ်စားလှယ်ယူ ဖြန့်ချိသည့် ဒီဇင်ဘာစတိုးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထို Access Kit များကို ရတနာပုံတယ်လီပို့ကုမ္ပဏီက ထုတ်လုပ် ရောင်းချခြင်းဖြစ်ပြီး Dial-up စနစ်ဖြင့် အင်တာနက်ချိတ်ဆက်သုံးစွဲနိုင်ခြင်းကြောင့် အင်တာနက်ကို မိမိနေအိမ်မှ သုံးစွဲလိုသူများက အဓိကဝယ်ယူသုံးစွဲလေ့ရှိကြကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် အင်တာနက်ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို စက်တင်ဘာလ ၁ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းထားမည်ဟုသိရ

ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို ၂၀၁၀ပြည့်နှစ် စက်တင်ဘာလ ၁ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလေဆိပ်များ၌ မည်သည့်နိုင်ငံသားတိုင်းမဆို ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို ဧပြီလ ၃၀ရက်နေ့ ပြည်ထဲရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၌ ဆိုက်ရောက်ဗီဇာ ပြောင်းလဲကျင့်သုံးရေးဆိုင်ရာအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များအရ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ထိုသို့ ပြုလုပ်ပြီး လေးလအကြာ စက်တင်ဘာ ၁ရက်နေ့တွင် ဆိုက်ရောက်ဗီဇာပေးခြင်းကို ယာယီရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။ ဆိုက်ရောက်ဗီဇာပေးခြင်းအား ယာယီရပ်နားထားရခြင်းတွင် ဗီဇာထုတ်ပေးပြီး လေးလတာ ကာလတွင်း ဆိုက်ရောက်ဗီဇာအသုံးပြုဝင်ရောက်ခဲ့သည့် ခရီးသည်အနေအထား၊ ဝင်ငွေရရှိမှုအခြေအနေစသည်တို့ကို ပြန်လည်သုံးသပ်မည်ဖြစ်သောကြောင့် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပါမောက္ခ ဦးကျော်ဇောနိုင်မှ " COPYRIGHT " " မူပိုင်ခွင့် " ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့မှစ၍ နှစ်ပတ်လျှင်တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင်လည်း နှစ်ပတ်လျှင် တစ်ကြိမ်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ်(၁၇/၂၀၁၀)ကို မိသားစုအသေးစားဈေးငွေလုပ်ငန်း၏ ပံ့ပိုးကူညီမှုဖြင့် ပါမောက္ခ ဦးကျော်ဇောနိုင် မှ " COPYRIGHT " " မူပိုင်ခွင့် " ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲကို ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၈ရက် (စနေနေ့) နေ့လည် ၂နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။ (ခေတ်လူငယ်)

## အက်ဖ်အမ်ရေဒီယိုလိုင်းအားလုံးကို ရန်ကုန်နှင့် နေပြည်တော်၌ ဖမ်းယူနားဆင်နိုင်မည်

ပြည်နယ်နှင့် တိုင်းအသီးသီး၌ ထုတ်လွှင့်လျက်ရှိသော အက်ဖ်ရေဒီယိုများကို ရန်ကုန်နှင့် နေပြည်တော်မြို့များ၌ မကြာမီဖမ်းယူနားဆင်နိုင်မည်ဖြစ်ကြောင်း အက်ဖ်အမ်ရေဒီယိုလိုင်း တစ်ခုဖြစ်သည့် ပတ္တမြားအက်ဖ်အမ် ရေဒီယိုတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ " ရန်ကုန်မှာ ရရှိဖို့ ကြိုးစားနေတုန်းပါ။ မကြာခင်မှာတော့ ရန်ကုန်အပြင် နေပြည်တော်မှာလည်း ရရှိမှာပါ။ လက်ရှိကတော့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတွေမှာ ဖမ်းယူလို့ရတယ်။ ကန့်ဘလူမှာလည်း မကြာခင်က ပတ္တမြားအက်ဖ်အမ်ကို ဖမ်းယူလို့ရတယ်။ အက်ဖ်အမ်လိုင်းတွေအားလုံး ရန်ကုန်မှာရဖို့ရက်ကိုတော့ မပြောနိုင်သေးဘူး။ မကြာခင်တော့ ဝင်လာဖို့ရှိပါတယ် " ဟု ထိုတာဝန်ရှိသူက ပြောသည်။ ယခုအခါ အက်ဖ်အမ်ရေဒီယို လိုင်းများအားလုံးကို ရန်ကုန်နှင့် နေပြည်တော်မြို့များ၌ ဖမ်းယူနားဆင်နိုင်စေရန် ဆောင်ရွက်လျက်ရှိသော်လည်း ထုတ်လွှင့်မည့်စက်ပိုင်းဆိုင်ရာပေါ်မူတည်၍ ထိုမြို့များမှ မည်မျှ အကွာအဝေးအထိ ဖမ်းယူနားဆင်နိုင်မည်ဖြစ်ကြောင်းကိုမူ အသေးစိတ်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နှစ်ပေါင်း ၁၀၀ အတွင်း ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းထားသော မြေပါဝင်သည့် အဆောက်အဦ ဆယ့်နှစ်လုံးအနက် ယခုနှစ်တွင် သုံးလုံးအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့

ရွှေတိဂုံစေတီတော်ကြီးသို့ နှစ်ပေါင်း ၁၀၀ ကာလအတွင်းအလှူရှင် များမှ သာသနာ့ရန်ပုံငွေထိန်းသိမ်းရေး စာချုပ်ချုပ်ဆိုပြီး လှူဒါန်းထားသော မြေပါဝင်သည့် အဆောက်အအုံဆယ့် နှစ်ခုအနက် သုံးလုံးအား ယခုနှစ်တွင် ဈေးပြိုင်စနစ်နှင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။ ယခုနှစ်တွင် ရောင်းချခဲ့သော မြေနှင့် အဆောက်အဦများမှာ ရန်ကုန် တိုင်းလမ်းမတော်မြို့နယ် ဘုန်းကြီး လမ်းမှ အမှတ် ၁၀၅ နှင့် ၁၀၈ ရှိ မြေနှင့်အဆောက်အအုံကို ကျပ်သိန်း ၂၂၀၀ နှင့်လည်းကောင်း၊ ကမာရွတ် မြို့နယ်၊ အာတီးယားလမ်းအမှတ် ၄၀ ရှိ မြေနှင့် အဆောက်အအုံအား ကျပ် သိန်း ၆၀၀၀ ဖြင့်လည်းကောင်း၊ ပုဇွန် တောင်မြို့နယ်၊ အောက်ပုဇွန်တောင် လမ်းအမှတ် ၅၁၉၊ ၅၂၂ ရှိ မြေနှင့် အဆောက်အဦအား ကျပ်သိန်း ၂၀၀၀ ဖြင့်လည်းကောင်း

ရောင်းချခဲ့ကြောင်း သိရှိရသည်။ " ရောင်းချလို့ရခဲ့ တဲ့ငွေတွေအားလုံးကို ဘုရားကြီးဘက် စုံပြန်လည်မွမ်းမံတဲ့ နေရာမှာ အသုံး ပြုသွားမှာပါ " ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်မှ ပြောကြားခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၇ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်သည့် မက်စ်မြန်မာကုမ္ပဏီက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းများဖြစ်သည့် အမှတ်(၂) ၊ အမှတ်(၃)၊ အမှတ်(၇)၊ မြို့ပတ်လမ်းနှင့် ထောက်ကြန့်မြို့ရှောင်လမ်း စုစုပေါင်း ၃၇မိုင် ငါးဖာလုံ၊ လီဒိုဟိုင်းဝေး ကုမ္ပဏီက မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း၏ မြစ်ကြီးနား-တနိုင်းအပိုင်း ၁၁၉မိုင် လေးဖာလုံ၊ ထွန်းညီုလူဆောက်လုပ်ရေး ကုမ္ပဏီက ချောင်းဦး-ပခုက္ကူလမ်း ၃၈မိုင် တစ်ဖာလုံ၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီက ဘားအံ-ကော့ကရိတ်-မြဝတီလမ်း မိုင် ၁၁၀ နှစ်ဖာလုံနှင့် ဆုထူးပန်ကုမ္ပဏီက မန္တလေး-ဖော့တော-သပိတ်ကျင်း လမ်းအပိုင်း ၄၇မိုင် လေးဖာလုံနှင့် မုံရွာ-ရေဦးလမ်း ၅၄မိုင် စုစုပေါင်းလမ်းမိုင် ၄၀၇မိုင် တို့ကိုပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၇ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနိုင်းမဲ့အပြစ်</u>

လောကမှာ ရှိရှိသမျှ အပြစ်အားလုံးထဲမှာ ဒေါသအပြစ်ဟာ အနိုင်းမဲ့အပြစ်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒေါသအပြစ်ထက်ပိုပြီး ကိုယ့်စိတ်၊ ကိုယ့်ဘဝကို ပျက်စီးစေတတ်ပါတယ်၊ ဖျက်ဆီးတတ်ပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားအပြစ် မရှိတော့လို့ပါပဲ။

ဒေါသအပြစ်နဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားအပြစ် လောကမှာမရှိတော့တဲ့အတွက် ဒေါသအပြစ်ဟာ အနိုင်းမဲ့အပြစ် ဖြစ်ရပါတယ်။

ကျူးလွန်သူကို ပျက်စီးစေတတ်တဲ့သဘော၊ ဖျက်ဆီးတတ်တဲ့သဘောကို အပြစ်လို့ခေါ်ပါတယ်။ အပြစ်မှန်သမျှ အပြစ်ကျူးလွန်သူကို ဆိုးကျိုးအမျိုးမျိုး၊ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ပျက်စီးအောင် ဖျက်ဆီးတတ်ပါတယ်။

အပြစ်တစ်ခုခု ကျူးလွန်လိုက်လို့ ကောင်းကျိုးချမ်းသာတွေ ရရှိသွားတယ်၊ စိတ်ဓာတ်နဲ့ ဘဝပြည့်စုံသွားတယ်ဆိုတာ မရှိပါဘူး။ ဆိုးကျိုးဆင်းရဲတွေ၊ စိတ်ဓာတ်နဲ့ဘဝ ပျက်စီးမှုတွေကိုသာ တွေ့ကြုံရင်ဆိုင်ရမှာပါ။

လူသားတွေရဲ့ စိတ်ဓာတ်နဲ့ဘဝကို ပျက်စီးအောင် ဖျက်ဆီးတတ်တဲ့ အပြစ်တွေအားလုံးထဲမှာ ဒေါသအပြစ်ဟာ အဆိုးဝါးဆုံးအပြစ်၊ ကြောက်မက်ဖွယ်အကောင်းဆုံးအပြစ် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ "ဒေါသ"ဆိုတဲ့ စကားလုံးကိုယ်တိုင်ကိုက "အပြစ်"ဖြစ်နေလို့ပါပဲ။

ဒေါသဆိုတဲ့ စကားလုံးက မြန်မာစကားလုံးမဟုတ်ပါဘူး။ ပါဠိစကားလုံးပါ။ "ဒေါသ" ဆိုတဲ့ ပါဠိစကားလုံးက ထွက်တဲ့အဓိပ္ပါယ်တွေထဲက တစ်ခုကတော့ "အပြစ်"ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

ခန္ဓာကိုယ်မှာ သည်းခြေတို့၊ သလိပ်တို့၊ လေတို့ ပုံမှန်ထက်လွန်ကဲဖောက်ပြန်လာပြီဆိုရင် သည်းခြေဒေါသ ထူပြောတယ်။ သလိပ်ဒေါသများတယ်၊ လေဒေါသ သင့်တယ်လို့ ပြောလေ့ရှိကြပါတယ်။ သည်းခြေ၊ သလိပ်၊ လေတွေဟာ အပြစ်ဖြစ်နေတယ်၊ ပျက်စီးနေတယ်လို့ ဆိုလိုပါတယ်။ အပြစ်ဆိုတာ ပျက်စီးခြင်းကိုပြောတာပါပဲ။

ကိလေသာစာရင်းဝင်တဲ့ ဒေါသဟာလည်း သူ့ကို လက်ခံသိမ်းပိုက်တဲ့ပုဂ္ဂိုလ်ကို အပြစ်ပေးပါတယ်၊ ပျက်စီးစေပါတယ်။ ဒေါသကြီးရင် ကြီးသလောက် ဒေါသပိုင်ရှင်မှာ အပြစ်ကြီးရ၊ ပျက်စီးရပါတယ်။

ဒေါသဆိုတဲ့နေရာမှာ စိတ်တိုတာ၊ စိတ်ဆိုးတာ၊ စိတ်ပျက်တာ၊ စိတ်ညစ်တာ၊ စိတ်ကောက်တာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ ကလဲ့စားချေတာ၊ ဝမ်းနည်းတာ၊ ပူဆွေးတာ၊ လွမ်းဆွတ်တာ၊ စိုးရိမ်တာ၊ ကြောက်ရွံ့တာ၊ ငိုကြွေးတာ. . . အားလုံးပါဝင်ပါတယ်။ ဒါတွေအားလုံးဟာ ဒေါသသဘော၊ ဒေါသလက္ခဏာတွေချည်းပါပဲ။

ကိလေသာတစ်ခုအဖြစ် ဒီသဘောတွေကို ရည်ညွှန်းတဲ့ ဒေါသရဲ့ မူရင်းအဓိပ္ပာယ်ကတော့ ပျက်စီးခြင်း၊ ဖျက်ဆီးခြင်းပါပဲ။ ပျက်စီးစေတတ်တဲ့သဘော၊ ဖျက်ဆီးတတ်တဲ့သဘောကို ဒေါသလို့ခေါ်ပါတယ်။

ဒေါသက ဘာတွေကို ပျက်စီးစေတတ်တာလဲ၊ ဘာတွေကို ဖျက်ဆီးတတ်တာလဲ ဆိုရင်တော့ . . . နှစ်ဖက်, နှစ်ဖက်ကို ပျက်စီးစေတတ်ပါတယ်၊ နှစ်ဖက်, နှစ်ဖက်ကို ဖျက်ဆီးတတ်ပါတယ်။ ဒေါသကြောင့် နှစ်ဖက်, နှစ်ဖက် ပျက်စီးရပါတယ်။

ကိုယ်နဲ့စိတ်ဆိုတဲ့ နှစ်ဖက်၊ မိမိအကျိုးနဲ့ သူတစ်ပါးအကျိုးဆိုတဲ့ နှစ်ဖက်၊ ပစ္စုပ္ပန်အကျိုးနဲ့ တမလွန်အကျိုးဆိုတဲ့နှစ်ဖက်၊ အဲဒီလိုအားဖြင့် ဒေါသကြောင့် နှစ်ဖက်, နှစ်ဖက် ပျက်စီးရပါတယ်။

နဂိုက ရုပ်ရည် ဘယ်လောက်ပဲချောမောလှပပါစေ၊ ဒေါသဝင်လာပြီဆိုရင် အရုပ်ဆိုး အကျည်းတန်သွားပါတယ်။ ဒေါသဟာ လူရဲ့ ပင်ကိုရုပ်အဆင်းကို ဖောက်ပြန်ပျက်စီးသွားစေပါတယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအယာတွေ ကြမ်းတမ်းရိုင်းပျ မဲ့ရွဲ့စုတ်ပြတ်ပြီး ကျက်သရေယုတ်သွားစေပါတယ်။

အသားဖြူတဲ့လူ ဒေါသဖြစ်ရင် အသားနီသွားမယ်၊ အသားနီတဲ့လူ ဒေါသဖြစ်ရင် အသားညိုသွားမယ်၊ အသားညိုတဲ့သူဒေါသဖြစ်ရင် အသားပြာသွားမယ်၊ အသားပြာတဲ့လူ ဒေါသဖြစ်ရင် အသားမည်းသွားမယ်၊ အသားမည်းတဲ့လူဒေါသဖြစ်ရင် အသားမှောင်သွားမယ်၊ မှောင်ပြီးရင်တော့ ဘာမှ မကျန်တော့ဘူး၊ လဲသေဖို့ပဲ ရှိတော့တယ်။ ဒါက ဒေါသကြောင့် ကိုယ်ပျက်စီးပုံ နမူနာပါ။

ဒေါသကြောင့် စိတ်ပျက်စီးပုံကတော့ နဂိုက စိတ်သဘောထား ဘယ်လောက်ကောင်းကောင်း၊ ဒေါသဝင်လာရင် စိတ်သဘောထား ဆိုးသွားပါတယ်။ နဂိုက စိတ်နေ ဘယ်လောက်နူးညံ့နူးညံ့၊ ဒေါသဝင်လာရင် ကြမ်းတမ်းသွားပါတယ်။ နဂိုက စိတ်ဓာတ် ဘယ်လောက်မြင့်မြတ်မြင့်မြတ်၊ ဒေါသဝင်လာရင် စိတ်ဓာတ်ယုတ်ညံ့သွားပါတယ်။ စိတ်ဓာတ်အောက်တန်းကျသွားပါတယ်။

သာမန် ပုထုဇဉ်ဆိုတာ အသာထားလိုက်ပါဦး။ ဘုရားဖြစ်ဖို့ တစ်ဘဝခြားသာ လိုတော့တဲ့ ဘုရားလောင်း အရှင့်အမာ ဝေဿန္တရာမင်းကြီးတောင်မှ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်ကို မိမိရှေ့မှာတင် ဆူးကြိမ်လုံးနဲ့ရိုက်နေတဲ့ ဇူဇကာပုဏ္ဏားကြီးကို ကိုယ်တော်တိုင် သတ်ဖြတ်ဖို့ ကြံစည်စိတ်ကူးမိတဲ့အထိ ဒေါသရဲ့ စိတ်ဓာတ်ဖျက်ဆီးမှုကို ခံခဲ့ရပါသေးတယ်။ ဘုရားလောင်း အရှင့်အမာ ပုဂ္ဂိုလ်ကြီးကိုတောင်မှ လူသတ်ချက်စိတ် ဖြစ်ပေါ်လာအောင် ဖျက်ဆီးနိုင်တဲ့တရားဟာ "အပြစ်" လို့ နာမည်ရတဲ့ ဒေါသတရားပါ။ သာမန်လူတွေအပေါ် ဒေါသရဲ့ စိတ်ဓာတ်ဖျက်ဆီးရေးလုပ်နေပုံကတော့ မတွေးရဲအောင် ကြောက်မက်ဖွယ်ကောင်းလှပါတယ်။

အဲဒီလိုအားဖြင့် ကိုယ်နဲ့စိတ်ဆိုတဲ့ နှစ်ဖက်ကို ပျက်စီးအောင် ဖျက်ဆီးတတ်လို့လည်း ဒေါသကို ဒေါသလို့ခေါ်ပါတယ်။

ဒေါသဝင်လာရင် ဒေါသပိုင်ရှင်မှာ အနည်းဆုံး စိတ်ပူလောင်မှု၊ စိတ်ပင်ပန်းမှု၊ စိတ်ဆင်းရဲမှုကို ခံစားရပါတယ်။ စိတ်ထဲမှာ ဒေါသဖြစ်ရုံနဲ့မကျေနပ်ဘဲ အော်ဟစ် ဆဲဆို ကြိမ်းမောင်း ရိုက်ပုတ်ဦးမယ်ဆိုရင်တော့ နှုတ်လည်းပင်ပန်းဆင်းရဲ၊ ကိုယ်လည်းပင်ပန်းဆင်းရဲပါတယ်။

ဒေါသအထွက်ခံရတဲ့သူမှာလည်း ပြန်မပြောသာ၊ ပြန်မလုပ်သာလို့ ခေါင်းငုံ့ခံနေရရင်တောင် စိတ်ထဲမှာတော့ ပူလောင်ပင်ပန်းဆင်းရဲနေရပါတယ်။ ပြန်ပြောသာ၊ ပြန်လုပ်သာလို့ ပြန်ပြော၊ ပြန်လုပ်ခဲ့မယ်ဆိုရင် ကိုယ်ရော နှုတ်ပါပူလောင်ပင်ပန်း ဆင်းရဲရတော့မှာပါပဲ။

အပြန်အလှန် ဒေါသအလိုလိုက်ပြီး တုံ့ပြန်နေရတဲ့အတွက် နှစ်ဦးနှစ်ဖက်လုံး အကျိုးမဲ့ အချိန်ကုန်ရပါတယ်။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေ မလုပ်ဖြစ်တော့ဘဲ အလုပ်ပျက်သွားတဲ့အတွက် ရသင့်ရထိုက်တဲ့ ကောင်းကျိုးချမ်းသာတွေ ဆုံးရှုံးရပါတယ်။ အဲဒီလိုအားဖြင့် မိမိအကျိုးနဲ့ သူတစ်ပါးအကျိုးဆိုတဲ့ နှစ်ဖက်ကို ပျက်စီးအောင် ဖျက်ဆီးတတ်လို့လည်း ဒေါသကို ဒေါသလို့ခေါ်ပါတယ်။

ဆက်ရန်

# ဟာသ

## <u>သေဖို့အသင့်ပဲ</u>

သေနတ်သမား။ ။ သေဖို့သာပြင်ထားပေတော့၊ ငါမင်းကို သတ်မယ်။
လူ။ ။ ဘာဓာကကောင့်လဲ။
သေနတ်သမား။ ။ ငါနဲ့တူရင် ဘယ်ကောင်မဆို ငါသတ်ခဲ့တာပဲ။
လူ။ ။ ငါက မင်းနဲ့တူနေသလား။
သေနတ်သမား။ ။ တူတယ်။
လူ။ ။ ဒါဆိုရင် ပစ်သတ်လိုက်တော့။

## <u>မသိရင်</u>

လင်း။ ။ ချိုချဉ်နဲ့အမှိုက်စ ဘာကွာသလဲ။
သဲ။ ။ မသိဘူး။
လင်း။ ။ ကောင်းတယ်၊ ဒါဆိုရင်တော့ သည်အမှိုက်ပဲစားတော့။

## <u>လက်ဆောင်</u>

ဟယ်ရီ။ ။ ငါ့မွေးနေ့ကျရင် ဘာလက်ဆောင်ပေးမှာလဲ။
နယ်လီ။ ။ နင့်မျက်စီပိတ်ပြီး ဘာမြင်ရလဲပြော။
ဟယ်ရီ။ ။ ဘာမှ မမြင်ရဘူး။
နယ်လီ။ ။ ဟုတ်တယ်။ နင့်မွေးနေ့ကျရင် ရမှာအဲဒါပဲ။

## <u>ရမှာက ဟာသ</u>

ကောင်လေး။ ။ ဟာသကြွယ်တဲ့အမျိုးသမီးလေးနဲ့ငါမင်္ဂလာဆောင်လိုက်တော့မယ်ကွာ။
ကောင်မလေး။ ။ နင်တော့ ဟာသပဲရမှာ။

## <u>ဒုက</u>

အမျိုးသမီးက သူ့ကြောင်ကို ဒုက္ခလို့ နာမည်ပေးထားတာ။ တစ်ညမှာတော့ ကြောင်က အိမ်အပြင်ကိုလျှောက်လည်တယ်။ ညသန်းခေါင်ကျော်တာတောင် ပြန်မလာဘူး။ ဒါနဲ့အမျိုးသမီးက ညဝတ်အကျီနဲ့ အိမ်အပြင်လမ်းပေါ်ထွက်ပြီးရှာတယ်။
ပတ္တရောင်လှည့်လာတဲ့ရဲက ညဝတ်အကျီကြီးဝတ်ပြီး ညကြီးသန်းခေါင်လမ်းပေါ်မှာ ဘာထွက်လုပ်တာလဲမေးတယ်။
“ဒုက္ခရှာနေတာ” တဲ့။

## <u>လူစွမ်းကောင်း</u>

ဘောရစ်။ ။ လက်တစ်ဖက်နဲ့ ဆင်ကိုငါမနိုင်တယ်။
နယ်လီ။ ။ ငါမယုံဘူး။
ဘောရစ်။ ။ ဒါဆိုရင် လက်တစ်ဖက်တည်းရှိတဲ့ဆင်ရှာခဲ့။ မင်းကိုငါ မပြမယ်။

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

Aug 27th မှ Sept 2th ကြား

အရာရာသတိနှင့်ယှဉ်ပြီးလုပ်ကိုင်ပါ။ ရုတ်တရက် ဘေးဥပါဒ်များ ကျရောက်နိုင်သည်။ အတူတကွ ပူးတွဲလုပ်ကိုင်သူများ၏ ဘေးဥပါဒ်တွေ့မည်။ အပေါင်းအသင်းမိတ်ဆွေများကြောင့် နာမည်သိက္ခာ ထိခိုက်မည်။ အိမ်တွင် ပြဿနာများ ဝင်ရောက်လာတတ်သည်။ မောင်နှမသား ချင်းတွင်ဖြစ်စေ၊ အိမ်ရှိလူများတွင်ဖြစ်စေ ပြဿနာဖြစ်တတ်သည်။ ငွေကြေးနှင့် ပတ်သက်သော ပြဿနာများ တွင်ကြား ဝင်ဖြေရှင်းပေးရမည်။ အမည်အတွင်း (အ၊ ဉ၊ သ၊ ဟ) ပါသောသူများနှင့် ပတ်သက်၍ ပြဿနာများ အခက်အခဲများကြုံတွေ့မည်။ တပါးသူပြဿနာများ ဓားစာခံသဖွယ်ဖြစ်တတ်သည်။ ပြဿနာဟောင်းများဖြေရှင်းရမည်။ ရန်ငြိုးများ ပြန်လည်ဖြေရှင်းရခြင်းကြုံမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

Aug 27th မှ Sept 2th ကြား

လှည့်စားသူများနှင့်ကြုံမည်။ လမ်းမှားရောက်အောင် ဆွဲဆောင်သူများနှင့်ကြုံမည်။ လုပ်ကိုင်နေသော အလုပ်အပေါ်၌ စိတ်ဝင်စားမှုနည်းပါးမည်။ လုပ်ကိုင်ဆောင်ရွက်နေသည်က အကျိုးနည်း၍ အခြားလုပ် ဆောင်စရာကိစ္စသစ်များက အကျိုးများမည်ဟု ထင်မှတ်သည်။ အပျော်အပါး အချိန်ဖြုန်း၊ ငွေဖြုန်းလိုစိတ်များ တဖွားဖွားပေါ်မည်။ အကျိုးဖြစ်ထွန်းမည့်ကိစ္စမှန်သမျှကို မလုပ်ဘဲ အကျိုးမဲ့သောလုပ်ငန်းများ၊ ဘေး ဥပါဒ်ဖြစ်စေသော ကိစ္စများကို လိုက်လံလုပ်ဆောင်လိုစိတ် ပြင်းထန်မည်။ ကိုယ့်အပေါ် စေတနာနှင့် တိုက်တွန်းပြောဆိုမှုများကို နားခါးနေမည်။ ရောင်းမှားဝယ်မှား အခက်အခဲများနှင့် ထိပ်တိုက်ကြုံမည်။ ဆေးထိုးဆေးသောက် မှားယွင်းတတ်သည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

Aug 27th မှ Sept 2th ကြား

စိတ်ခံစားချက်ကို ဦးစားပေးပြီး လုပ်ကိုင်သော ကိစ္စများကြောင့် အမှားအယွင်းများ ကြုံမည်။ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေါ်ပေါက်လာသည့် အခြေအနေအပေါ် လက်တွေ့အသုံးချ၍ ဆုံးဖြတ်လုပ်ကိုင်ခြင်းများမှ တိုးတက်မှုများရရှိမည်။ ကျန်းမာရေးချူချာမည်။ ကာလအတန်ကြာ အပြန်အလှန်ဖြစ်နေသည့် ပြဿနာများ ငြိမ်းချမ်းသွားမည်။ အတိုက်အခံပြုသူများနှင့် ပြန်လည်အဆင်ပြေအောင် ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်လိမ့်မည်။ မတော်တဆအန္တရာယ် အထူးဂရုစိုက်ပါ။ မောင်းနှင်နေကျ မဟုတ်သော ယာဉ်ကားများကို ငှားရမ်းယူငင်မောင်းနှင်ခြင်းရှောင်ပါ။ အလှူမင်္ဂလာကိစ္စများ ပါဝင်ရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

Aug 27th မှ Sept 2th ကြား

ထူးခြားသောအတွေ့အကြုံများ၊ ဆန်းပြားသော အိပ်မက်များကြုံမည်။ မမျှော်လင့်ဘဲ အလှူဒါန၊ ဘာသာရေးကိစ္စဆောင်ရွက်ရမည်။ အတတ်ပညာနှင့် တိုးတက်မှုများရရှိမည်။ ရပ်တန့်ထားသည့်လမ်းကြောင်းများမှ ထိုးဖောက်ထွက်၍ တိုးတက်မှုအဆင့်ဆင့်ဖြစ်ပေါ်မည်။ အလုပ်တိုးတက်မည်။ ငွေဝင်မည်။ ဆုံးရှုံးလက်လွှန်ထားသည်များ ပြန်ရမည်။ အဖျက်အတိုက်အခံ၊ အနှောင့်အယှက်ကြားမှ တိုးတက်မှုဖြစ်မည်။ ဝေးကွာနေသော မိတ်ဟောင်းနှင့် ဆုံစည်းမှု ညစာ စားဝိုင်းမှအပြန် မတော်တဆအန္တရာယ်ဖြစ်တတ်သည်။ ဂရုစိုက်ပါ။ အလုပ်အကြံသစ်များ ဆောင်ရွက်ရန် အခြေအနေကောင်းကြုံမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများတွင် စနစ်တကျဖတ်ရှုလေ့လာသုံးသပ်ပြီးမှ ရှေ့တိုးဆောင်ရွက်ပါ။ အိမ်တွင်းရေး လူမှုရေးကိစ္စများတွင် စိတ်အနှောင့်အယှက်ဖြစ်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

Aug 27th မှ Sept 2th ကြား

အသေအချာဖြစ်မည်ဟု တွက်ဆပြီး မျှော်လင့်ချက်အပြည့်နှင့် စောင့်စားနေသောကိစ္စများ အလွဲလွဲအချော်ချော်ဖြစ်မည်။ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ပြီးမှ အလုံးစုံအဆင်ပြေသွားမည်။ ကိုယ်လုပ်မည့်ကိစ္စ အလုံးစုံကို ဟန့်တားဆန့်ကျင်မည့်သူများနှင့် တွေ့မည်။ အခါတိုင်းတွင် ကိုယ်လုပ်သမျှကို လိုက်လံအထောက်အကူပြုသော သူများပင်လျှင် ကိုယ့်အားဆန့်ကျင်၍ လုပ်သောအနေအထားမျိုးကြုံမည်။ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ၊ ဆူပူရှုပ်ထွေးမှုများ ဖြစ်တတ်သည်။ တစ်ပါးသူအပူ ပြဿနာများကိုလည်း လိုက်လံဖြေရှင်းပေးရမည်။ ရေမြုပ်ခြင်း၊ ရေဘေးသဘာဝကြောင့် ပျက်စီးခြင်းများ ဖြစ်တတ်သည်။ အရေးကြီးသော စာရွက်စာတမ်းများ သတိနှင့် သိမ်းဆည်းပါ။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

Aug 27th မှ Sept 2th ကြား

အညံ့ကင်း၍ အရာရာအဆင်ပြေမည်။ မူလအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့ ရောက်ရှိမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ လုပ်ငန်းရှိသူ တိုးတက်မည်။ အလုပ်သစ်၊ စီးပွားအကြံသစ်များ လက်တွေ့ဆောင်ရွက်အောင်မြင်မည်။ အပြိုင်အဆိုင်များအားလုံး ကျော်လွှားပြီး တက်လမ်းများရရှိမည်။ ဆက်ဆံရသော ဝန်းကျင်အပြောင်းအလဲရှိမည်။ ဘဝအခြေအနေအလုံးစုံ ရင့်ကျက်ပြောင်းလဲသွားစေနိုင်သော ပတ်ဝန်းကျင်တစ်ခုသို့ စတင်ဝင်ရောက်လှုပ်ရှားရပေမည်။ ကျန်းမာရေးဂရုစိုက်ရမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

Aug 27th မှ Sept 2th ကြား

ဆုံးဖြတ်ပြီးအဆင်ပြေနေသည့်ကိစ္စအား အားမလိုအားမရဖြစ်၍ ပိုကောင်းစေရန် စိတ်ရည်သန်၍ ဆောင်ရွက်လုပ်ကိုင်သောကိစ္စမှ မှားယွင်းသောဆုံးဖြတ်ချက်ချမှတ်ပြီး ရောက်ရှိသောအခြေအနေ၊ ရရှိထားသော အခွင့်အရေးအလုံးစုံဆုံးရှုံးခြင်းရှိမည်။ သူတစ်ပါးစကားနားမယောင်သင့်။ အပြောင်းအလဲမလုပ်သင့်။ ခရီးသွား၍ အကျိုးရှိမည်။ လူမျိုးကွဲများနှင့်ပတ်သက်၍ တိုးတက်ခြင်းဖြစ်ပေါ်မည်။ လက်လွှတ်ထားသောငွေကြေးအခွင့်အရေးများကို ပြန်လည်တောင်းဆိုရယူနိုင်သည်။ ယာဉ်ကားပိုင်ဆိုင်သူများအဖို့ ရပ်တန့်ထားသောမိမိကားအား အခြားကားမှဝင်တိုက်ခြင်းမျိုးကြုံမည်။ အခြားတစ်ဖက်မှ ဟိတ်နှင့်ဟန်နှင့် သူတစ်ပါး၏ အမည်ကို သုံးစွဲပြောဆိုလိမ့်မည်။ အကြောက်အရွံ့မရှိပါနှင့်။ ဆောင်ရွက်စရာရှိသည်များကို ပြတ်သားစွာ ဆောင်ရွက်ပါ။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

Aug 27th မှ Sept 2th ကြား

ကာလအတန်ကြာ ဝေဖန်ပိုင်းခြားဆုံးဖြတ်၍ မပြတ်မသားဝေဝါးနေသော ကိစ္စတစ်ခုအား ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချရသော အနေအထားသို့ ကျရောက်မည်။ ပြောသမျှ၊ ဆိုသမျှ၊ လုပ်သမျှ ပြတ်သားရန်လိုအပ်နေမည်။ ဆုံးဖြတ်သမျှ မှန်ကန်မည်။ နစ်ခါပြန်စဉ်းစားစရာမလို။ ရှေ့တိုးလိုက်တိုင်း အခက်အခဲနှင့် ကြုံလိမ့်မည်။ ၎င်းအခက်အခဲအား ကျော်ဖြတ်သွားသည်နှင့် တစ်ပြိုင်တည်း ထူးခြားသောအောင်မြင်မှုများ စဉ်ဆက်မပြတ်ဖြစ်မည်။ အဆက်အသွယ်ဟောင်းအချို့နှင့် ပြတ်သွားမည်။ လုပ်ငန်းဟောင်းတစ်ချို့ ရပ်တန့်သွားလိမ့်မည်။ ဦးတည်ချက်ပြောင်းပြီး ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းသော အကျိုးဆက်များ အထင်အရှားရမည်။ ငွေကြေးကိစ္စနှင့် လူမှုရေးကိစ္စအရောရော အထွေးထွေးဖြစ်နေသည့်ကိစ္စအား စည်းခြားပိုင်းဖြတ်ဖြေရှင်းနိုင်မည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

Aug 27th မှ Sept 2th ကြား

အပျောက်အရှုများမည်။ ခရီးသွားခြင်းကိစ္စ၊ နိုင်ငံခြားရေးရာကိစ္စနှင့် ပတ်သက်၍ လိမ်ညာခံရသူတစ်ဦးအား လိုက်လံကူညီဆောင်ရွက်ပေးရမည်။ အိမ်တွင် ပစ္စည်းအပျောက်အရှုများမည်။ အိမ်သို့ လူအဝင်အထွက်များပြီး ပျောက်ရှုခြင်းမှအစ သူခိုးသူဝှက်အန္တရာယ် သတိရှိရမည်။ ပစ္စည်းများကို လုံခြုံစွာထားသိုပါ။ အိမ်အနီးအပါးတွင် စက်ဘီး သို့မဟုတ် ဆိုင်ကယ်ပျောက်ပြီး ရက်ပိုင်းအတွင်း မိမိနေအိမ်တွင် သူခိုးခိုးခံရတတ်သည်။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ ခြံ၊ ကား၊ အခန်း အလဲအလှယ် အရောင်းအဝယ်ကိစ္စများတွင် ကြားဝင်ဆောင်ရွက်ခြင်း၊ ပတ်သက်ခြင်းမပြုရ။ ကိုယ်တိုင်လည်း ဝယ်ယူခြင်းမပြုရ။ ပြဿနာဖြစ်တတ်သည်။ ဆွေမျိုးသားချင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

Aug 27th မှ Sept 2th ကြား

ငယ်ရွယ်သူတို့ ပြုဆောင်သော အမှားအယွင်းများ လိုက်လံဖြေရှင်းပေးရမည်။ လူမှုရေးကိစ္စများ၊ မေတ္တာရေးဆိုင်ရာ အရှုပ်အထွေးများအတွက် လိုက်လံဖြေရှင်းပေးရသောကိစ္စကြုံမည်။ ကောင်းသတင်းနှင့် ဆိုးသတင်းများတစ်ပြိုင်တည်းကြားသိ ကြုံတွေ့ရမည်။ စိတ်ချမ်းမြေ့မှု၊ သတင်းကောင်းနာကြားရမှုကြောင့် ပျော်ရွှင်နေဆဲ မောင်နှမသားချင်းကိစ္စ၊ လူမှုရေးအခက်အခဲများ တစ်ပြိုင်တည်းကြုံပြီး စိတ်သောကရောက်စရာများ ကြုံမည်။ ခက်ခဲသော ပြဿနာများကို ပြီးမြောက်အောင်ဖြေရှင်းရမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ အစာအိမ်ဝမ်းဗိုက်ဒုက္ခပေးမည်။ စီးပွားရေးရာကိစ္စများတွင် လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ရပ်တန့်ထားသော ကိစ္စများ ပြန်လည်စတင်ရမည်။ လျှို့ဝှက်ထားသောကိစ္စ လူသိထင်ရှားဖြစ်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

Aug 27th မှ Sept 2th ကြား

အခက်အခဲအားလုံးကို ကျော်လွှားပြီး ထင်ရှားသောတက်လမ်းများ ရရှိမည်။ ရန်အားလုံးကို ကျော်လွှားနိုင်မည်။ အတူတကွပူးပေါင်းလုပ်သော သူများနှင့်လမ်းခွဲရမည်။ တစ်ကိုယ်တော် ဆောင်ရွက်၍ တိုးတက်သော အခြေအနေ အဆင့်ဆင့်ရမည်။ စွန့်လွှတ်လိုက်ရပြီ၊ ရပ်တန့်လိုက်ရပြီဟု ထင်မှတ်ထားသောကိစ္စများ အဆင်ပြေသွားမည်။ ချောမွေ့စွာပြီးမြောက်မည်။ မထင်မှတ်ထားသောကိစ္စများ ပြန်လည်ဆောင်ရွက်ပြီး တိုးတက်အောင်မြင်မှုရမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်းများကို သတိနှင့်ဆောင်ရွက်ပါ။ သူတစ်ပါးကိစ္စများ ကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းများရှောင်ပါ။ ပစ္စည်းပျောက်တတ်သည်။ ငွေလိမ်ခံရမည်။ လူလိမ်လူကောက်တွေ့တတ်သည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

Aug 27th မှ Sept 2th ကြား

အကြံအစည်မှန်သမျှ အောင်မြင်၍ ဆောင်ရွက်သမျှ ထွန်းပေါက်မည်။ မိမိအပေါ် ကူညီသူများနှင့်တွေ့မည်။ ငွေကြေးကိစ္စ အထင်အရှား အောင်မြင်မည်။ မိမိအကူအညီဖြင့်လည်း တစ်ပါးသူတွင် အောင်မြင်တိုးတက်မှုများ ရရှိမည်။ ဆိုင်ကယ်၊ ဆိုက်ကားအစရှိသည့် (အင်္ဂါနံအစတနင်္လာနံအဆုံး) အစရှိသော ယာဉ်များကို အင်္ဂါနေ့၊ တနင်္လာနေ့များတွင် စီးနင်းရာ၌ သတိရှိပါ။ ခရီးသွားရန်ကိစ္စများကို ရှေ့တိုးဆောင်ရွက်ရန် အခါကောင်းဖြစ်သည်။ အခြားသူများက မည်မျှဝေဖန်စေ အသွားအလာအဆင်ပြေ၍ အကျိုးရှိမည်။ အထောက်အကူပြုသောသူများနှင့်တွေ့မည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံး အသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလလင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလလင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## ကိုယ့်ရည်မှန်းချက်က ဘယ်လိုကြီးပါ၊ ဘာဖြစ်တယ်ဆိုတာ မဖော်ပြတတ်ဘူးဆိုတဲ့ မိုးဟေကို

မေး - မိုးဟေကိုအနေနဲ့ ဟာသဇာတ်ကားတွေအပြင် ပရိသတ်ကို ချပေးနိုင်မယ့် ဒရာမာဇာတ်ကားကောင်းလေးတွေ ရိုက်ဖို့ရှိပါသလား။

ဖြေ - ဒါကတော့ ရှေ့ကားတွေကတော့ ရိုက်ထားတာတွေရှိပါတယ်။ ဒါပေမဲ့ အခုက ရယ်စရာကား၊ ဟာသကားတစ်ကားကို ရုံမှာလာကြည့်တဲ့အချိန်မှာ လူတွေ စိတ်ညစ်စရာအမောတွေ ပြေပျောက်သွားအောင် ပျော်ရွှင်စရာကားလေးတွေကို ခေတ်အလိုက်ရိုက်ကူးပေးတာပါ။ ဒါကြောင့် ကိုယ်ကလဲ ခေတ်ရဲ့ရေစီးကြောင်းမှာ စီးပျော်သွားတာပေါ့နော်။

မေး - ကိုယ့်ရဲ့သရုပ်ဆောင်မှုတွေကို ပြန်ကြည့်တဲ့အခါမှာ ကိုယ့်ကိုယ်ကို ဘယ်လိုပြန်သုံးသပ်မိပါသလဲ။

ဖြေ - မိုးဟေတို့ ကိုယ့်ရဲ့သရုပ်ဆောင်မှုကို ပြန်ကြည့်တဲ့အခါမှာ လိုတာတွေရှိပါတယ်။ အမြဲတမ်း ကိုယ့်ကိုယ်ကို ကျေနပ်တယ်၊ တင်းတိမ်တယ်ဆိုတာ မရှိပါဘူး။ လိုတာ၊ ပိုတာတွေ အမြဲရှိနေပါတယ်။

မေး - မိုးဟေကားရိုက်ဖို့ နယ်ဘက်တွေသွားတာ များပါသလား။

ဖြေ - မိုးဟေက နယ်ကို မဖြစ်မနေရိုက်ရမယ်ဆိုမှ သွားဖြစ်တာများပါတယ်။ သွားတဲ့အခါမှာလဲ မိုးဟေတို့ ရှုတင်အဖွဲ့တွေသွားနေကျ ပြင်ဦးလွင်ကို အဓိကသွားဖြစ်တယ်။ ဒါပေမဲ့ အများဆုံးက မိုးဟေရန်ကုန်မှာပဲ ရိုက်ဖြစ်တာများပါတယ်။

မေး - မိုးဟေရဲ့ အနုပညာရည်မှန်းချက်ရှိရင် သိပါရစေ။

ဖြေ - ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုတာ မိုးဟေတို့အနုပညာရှင်တွေသာမက စီးပွားရေးသမား၊ စာပေသမားစသဖြင့် လူသားတစ်ယောက်ဖြစ်လာရင် ရှိကောင်းရှိနေကြမှာပါ။ မိုးဟေမှာလဲ အနုပညာနဲ့ပတ်သက်ပြီး ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေရှိပါတယ်။ ဒါပေမဲ့ ကိုယ့်ရည်မှန်းချက်၊ ရည်ရွယ်ချက်ကတော့ ဘယ်လိုကြီးပါ၊ ဘာဖြစ်တယ်ဆိုတာတော့ မိုးဟေက မဖော်ပြတတ်ဘူးပေါ့နော်။

(၂၀၁၀ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## မလုံမခြုံပုံစံဝတ်မှ လှပတာမဟုတ်ပါဘူးဆိုတဲ့ မေသက်ခိုင်

မေး - မေသက်ခိုင်ရဲ့ ဖက်ရှင်တွေက sweet ဖြစ်တယ်နော်။ ကိုယ်နဲ့လိုက်တာကိုဆင်တာလား။ ဒါမှမဟုတ် ကိုယ့်အကြိုက်တွေကို ဆင်တာလား။

ဖြေ - သမီးရဲ့ဖက်ရှင်တွေကို သမီးက ကိုယ့်အကြိုက်လည်းဆင်ပါတယ်။ ကိုယ်အလိုက်လည်း ဆင်ပါတယ်။ ပရိသတ်တွေ ပြောကြတာတော့ သမီးက ကလေးဆန်ဆန်ပုံစံတွေနဲ့လိုက်တယ်လို့ ပြောကြတယ်။ အဲ့လိုပုံစံကို သမီးကကြိုက်သလို သမီးနဲ့လည်းလိုက်ပါတယ်။ ဒါကြောင့် သမီးအကြိုက်နဲ့ သမီးအလိုက်က ထပ်တူညီကျတယ်လို့ ပြောရမှာပဲ။

မေး - မေသက်ခိုင်ကဝတ်လိုက်ရင် ချစ်စရာကောင်းသလို လုံလုံခြုံခြုံရှိတယ်လို့ အများကပြောကြတယ်ယ။ အဲဒါကရော . .

ဖြေ - သမီးကိုယ်တိုင်က မလုံမခြုံ ခေတ်လွန်ပုံစံမျိုးကို မကြိုက်ပါဘူး။ အဲလိုပုံစံဝတ်ရင်လည်း ကိုယ့်စိတ်ထဲမှာ တထင့်ထင့်နဲ့အဆင်ကို မပြေပါဘူး။ လုံလုံခြုံခြုံနဲ့ ကလေးဆန်ပြီး ချစ်စရာကောင်းတဲ့ပုံစံလေးဝတ်လိုက်ရင် စိတ်ထဲမှာလည်းပေ့ါပါးပြီး သက်တောင့်သက်သာဖြစ်ပါတယ်။ သမီးအမြင်ကတော့ ခေတ်ဆန်မှ မလုံမခြုံပုံစံဝတ်မှ လှပတယ်လို့ မမြင်ပါဘူး။ ကိုယ်ဝတ်တဲ့အဝတ်အစား၊ ကိုယ်နဲ့လိုက်ဖက်ရင်ပဲဖြစ်ဖြစ် ချစ်စရာကောင်းရင်ပဲဖြစ်ဖြစ် အဲဒါက ဖက်ရှင်တွေပဲလေ။

မေး - မေသက်ခိုင်လည်း ဇာတ်ကားတွေ အတော်ရိုက်နေရပြီနော်။

ဖြေ - ဟုတ်ကဲ့။ ဒါကလည်း ကိုယ်နဲ့အဆင်ပြေတာကို လာကမ်းလှမ်းရင်းနဲ့ အထိုက်အလျောက်များလာတာပါ။ သမီးကတော့ ကိုယ့်ကိုယ်ကိုယ် အဆင်ပြေပြီ၊ လုပ်နိုင်ပြီလို့မထင်သေးပါဘူး။ စမ်းတဝါးဝါးအဆင့်ထက် နည်းနည်းကျော်ပြီး လျှောက်တတ်စပဲရှိပါသေးတယ်။ အများကြီး လိုပါသေးတယ်။ ကြိုးစားရဦးမှာပါ။

(၂၀၁၀ခုနှစ် ဩဂုတ်လ ၂၉ရက်နေ့ထုတ် 24/7 News ဂျာနယ်)